ပဲခိုးရိပ်

အဘောဂါဒိဒိပနီ



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၂ ကောဇာ-၁၃၄၀ နိုဝင်ဘာလ-၁၉၇၈

မန္တလေးမြို့

မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော်

ဦးစန္ဒောဘာသ၏

မစိုးရိမ်

အာဘောဂါဒီဒီပနီ

အာဘော်အလင်းပြကျမ်း။

တတိယအကြိမ် ဖြည့်စွက်ပြင်ဆင်ရိုက်နှိပ်ခြင်း။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၂ ကောဇာ-၁၃၄၀ နိုဝင်ဘာလ-၁၉၇၈

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ် ထုတ်ဝေသည်။

အာဘောဂါဒိ ဒီပနီမည်သော
အာဘော်အလင်းပြကျမ်း
နိဒါန်း

ဇေယျတု။ ။ကေမေကသ္မိဉ္ဇေတ္ထ စတုဗ္ဗိဓောပိ ဓမ္မတ္ထဒေ
သနာ ပဋိဝေဓကမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော-
ဟု အဋ္ဌကထာဆရာတို့ မိန့်မှာအပ်သည်နှင့်အညီ--

"ပါရမီဆယ်ပါး အပြားသုံးဆယ်စွန့်ခြင်းကြီးငါးပါး စရိယ သုံးပါးတို့ကို လေးသချေ်နှင့် ကမ္ဘာတသိန်း, ရှစ်သချေ်နှင့် ကမ္ဘာတသိန်း, တဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတသိန်း ကာလ ကြာမြင့်အောင် ဖြည့်ကျင့် ဆည်းပူးတော်မူပြီးမှ" အရဟတ္တ မဂ်ဉာဏ်ကို ရတော်မူ၍ သဗ္ဗညူအဖြစ်သို့ ရောက်တော်မူပြီး သော သုံးလောကမကို၌ သောင်းတိုက်လုံးမှန်ကူ သယမ္ဘူ ထွဋ္ဌထား ဟရားမင်းဖြစ်တော်မူသော ဘုရားမြတ်စွာသည် လေးဆယ့်ငါးဝါ ကာလကြာအတွင်း၌ ဟောကြားတော် မူအပ်သော ဒေသနာဟု ဆိုအပ်သော-

"ဓမ္မကန္ဓာ ရှစ်သောင်းလေးထောင်" အတိုင်းအရှည် ရှိသော ပါဋိတော်အရပ်ရပ်တို့ကို ပေါင်းစပ်စုရုံး၍ "အရှင် မဟာကဿပ" အမှူးရှိသော ငါးရာကုန်သော ပဌမ "သင်္ဂါ-ယနာတင်" ရဟန္တာအရှင်မြတ်ကြီးတို့သည်-

---

၁-ဒီ-၌ ၁၊၂၀။

ဤကား—သုတ္တန်ပိဋကတ်၊
ဤကား—ဝိနည်းပိဋကတ်၊
ဤကား—အဘိဓမ္မာပိဋကတ်—
ဟု ပိဋကတ်အား ဖြင့် သုံးရပ်, သုံးပုံ ပိုင်းခြားသတ်မှတ် ထားတော်မူခဲ့ကြလေပြီ။

ထိုသုံးပုံသောပိဋကတ်တို့တွင် တပုံတပုံသော ပိဋကတ် ပါဠိတော်၌ ဓမ္မ၏ နက်နဲခြင်း၊ အတ္ထ၏ နက်နဲခြင်း၊ ဒေသနာ၏ နက်နဲခြင်း၊ ပဋိဝေဓ၏ နက်နဲခြင်း·ဟူသော နက်နဲခြင်း လေးပါးနှင့် အသီးအသီး ပြည့်စုံကြပေကုန်၏။

ထိုနက်နဲခြင်း လေးပါးနှင့် ပြည့်စုံသော ဘုရားဟော ပိဋကတ်ပါဠိတော်အရပ်ရပ်တို့၌ ခက်ခဲ တိမ်မြုပ် ကွယ်ဝှက် နေသော ပုဒ် ဓာတ် ဝိဘတ် ပစ္စည်း သဒ္ဒတ္ထ အဓိပ္ပါယတ္ထ သဘာဝတ္ထစသည်တို့ကို ပေါ်လွင်ထင်ရှားအောင် ဗုဒ္ဓမတည်ပြစ်တော် မူကြကုန်သော အဋ္ဌကထာ ဆရာကြီးတို့သည် မြတ်စွာဘုရား၏ အလိုတော်ကျအောင် အဋ္ဌကထာဟူသော အမည်ဖြင့် အသီးအသီး ဖွင့်ပြတော်မူခဲ့ကြလေပြီ။

ထို ပါဠိတော်ပိဋကတ်၏ အဖွင့်သံဝဏ္ဏနာဖြစ်သော အဋ္ဌကထာပါစကားရပ်တို့၌ ခဲကပ်တိမ်မြုပ်သော ပုဒ် ဟူသမျှတို့ကို ဋီကာဆရာ၊ အနုဋီကာဆရာ၊ ယောဇနာ ဆရာကြီးတို့က အဋ္ဌကထာဆရာ အလိုကျအောင် အသီးအသီး ဋီကာ, အနုဋီကာ, ယောဇနာကျမ်း ဟူသော အမည်ဖြင့် ဖော်ထုတ် ဖွင့်ပြတော် မူခဲ့ကြ လေပြီ။

ထို ပါဠိတော် အဋ္ဌကထာ ဋီကာ ယောဇနာ-စသော ကျမ်းတို့ကို မှီငြမ်းပြု၍ ခဲဆစ်အနက်အဓိပ္ပါယ်အရေပ်ရေပ်တို့ကို ဂဏ္ဌိဆရာကြီးတို့က သဘာဝကျအောင် အသီးအသီး ဂဏ္ဌိကျမ်းဟူသော အမည်ဖြင့် ရေးသားစီရင်ခဲ့ကြလေပြီ။

ထို ဋီကာ, ယောဇနာ, ဂဏ္ဌိဆရာကြီးတို့သည် ပေါ်လွင်ထင်ရှားသော ပုဒ်အနက် အဓိပ္ပါယ်တို့ကို ချန်လှပ်၍ ခက်ခဲနက်နဲ တိမ်မြုပ်သော ပုဒ်, အနက်, အဓိပ္ပါယ်တို့ကိုသာ ဖွင့်ပြကြရကား .... "**ယခုခေတ် မန္ဒသောတု စာသင်ပျိုနုတို့အား**" အဋ္ဌကထာဆရာ၏ **အာဘောဂညာဏ်**, သံဝဏ္ဏနာဉာဏ်စသော အသိဉာဏ် **အလင်း**ရောင်အမျိုးမျိုးတို့ကို ကျပ်ပြည့်-တင်းပြည့်အောင် ပေးခြင်းငှါ မစ္ဆမ်းနိုင်ချေ။

အဘိဓေ မဟာရဋ္ဌဂုရု တိုက်တွန်းပြု

ထိုသို့ အာဘောဂညာဏ် စသော အသိဉာဏ် အလင်းရောင်တို့ကို ကျပ်ပြည့်-တင်းပြည့်အောင် ပေးခြင်းငှါ **မစ္ဆမ်းနိုင်**သောကြောင့် **ခေတ်အခါအား**လျော်စွာ စာချတန်းဝင် **မဝင် ထေရ်အရှင်တို့အား** အသိဉာဏ်**အလင်း**ရောင် **အမျိုးမျိုး**တို့ကို ခဖောချက်ခြင်း လုယ်လင့်တကူ ပေးစွမ်းနိုင်သော အဋ္ဌကထာကျမ်းဆိုင်ရာ ကျမ်းတဆောင်တဖွဲ့ ရှိသင့်ရှိထိုက်သည်ဟု လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်လောက်ကပင် မိမိ၏ စိတ်တွင်းမှာ နှလုံးသွင်းရင်း ရှိသည်တကြောင်း၊ ဂကျေးဇူးရှင်ဖြစ်တော်မူသော "**အဂ္ဂမဟာပဏ္ဍိတ အာဘိဓဇမဟာရဋ္ဌဂုရုမစိုးရိမ်ဆရာတော်ဘုရားကြီးက**" တိုက်တွန်းတော် မူသည်လည်းတကြောင်း၊ "သမဂ္ဂသီတင်းသုံးဘော်များနှင့်တကွ **အာပည်**စာသင်သားအပေါင်းတို့ကိုနှိုးဆော်တောင်းပန်ကြသည်လည်း

တကြောင်းကြောင့် ဝိနည်းပိဋကတ်အဝင်အပါ ပါရာဇိကဏ် အဋ္ဌကထာကျမ်းကို မူတည်၍ ၎င်းနှင့်ဆိုင်ရာ "ပါဋ္ဌိတော် အဋ္ဌကထာ ဋီကာ ယောဇနာ ဂဏ္ဌိအဆုံးအဖြတ်" အစရှိသော ကျမ်းဂန်အရပ်ရပ်တို့ကို မွေနှောက်ချောက်ချားပြီး အဋ္ဌကထာဆရာ၏ အာဘောဂ ကောသလ္လ, သံဝဏ္ဏနာ ကောသလ္လ, ပဒကောသလ္လ, အတ္ထကောသလ္လ, ယောဇနာ ကောသလ္လ, ဓာတုကောသလ္လ, ပစ္စယကောသလ္လ, ဝိဘတ္တိ ကောသလ္လ, အဓိပ္ပါယကောသလ္လ, ဝိနိစ္ဆယကောသလ္လ, ဝိဂ္ဂဟ ကောသလ္လ, သရူပတ္ထကောသလ္လ, ဥပစာကောသလ္လ, နယ-ကောသလ္လ အစရှိသော အသိဉာဏ်အလင်းရောင် အမျိုးမျိုး တို့ကို ပေးစွမ်းနိုင်၍—

"အဋ္ဌကထာစာချဟန်း ဟူဟူသမျှတို့၌ အောင်ပန်းကို ချမ်းသာစွာ ဆင်မြန်းစေနိုင်သော အာဘောဂါဒိ ဒီပနီ အမည်ရှိသော အာဘော်စသည့် အလင်းရောင်ပြကျမ်းကို မိမိဉာဏ်စွမ်းရှိသလောက် ရေးသားစီရင်အပ်ပါသတည်း။

ထိုသို့ ရေးသားစီရင်ရာ၌ ပုထုဇဉ်သဘာဝ ဖြစ်သည့် အလျောက် အကယ်၍ ပညာ့ရှင်များ ချတ်ချော်တိမ်းပါး လွဲမှားတစိ တွေ့မီငြားက အမှန်ကို ပြင်ဆင်၍ ဉာဏ်အမြင် သန့်ရှင်းအောင် ကြည့်ရှု သုံးသပ် နိုင်ကြပါစေကုန်သတည်း။

၁၃၁၄-ခုနှစ်၊ ဦးစန္ဒောဘာသာဘိဝံသ။

နယုန်လဆန်း(၁၁)ရက်-အင်္ဂါနေ့။ မစိုးရိမ်ကျောင်းတိုက်။

၃-ဖ-၅၂။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ပဏာမဝဒီကထာ	၁
၃။	ဝေရဉ္ဇကဏ္ဍ အစပိုင်း	၁
၄။	ပဌမစျာနကထာ	၁၂၀
၅။	ဒုတိယစျာနကထာ	၁၃၆
၆။	တတိယစျာနကထာ	၁၄၇
၇။	စတုတ္ထစျာနကထာ	၁၅၆
၈။	ပုဗ္ဗေနိဝါသဉာဏကထာ	၁၅၉
၉။	ဒိဗ္ဗစက္ခုဉာဏကထာ	၁၇၈
၁၀။	အာသဝက္ခယဉာဏကထာ	၂၀၅
၁၁။	သီဟနာဒကထာ	၂၁၁
၁၂။	ဝေနေယ္ယကဏ္ဍအဆုံးပိုင်း	၂၄၈
၁၃။	သုဒိန္နကဏ္ဍ ပဌမပညတ်တိကထာ	၃၁၅
၁၄။	မက္ကဋီဝတ္ထုကထာ	၄၂၆
၁၅။	ဝဇ္ဇိပုတ္တက-ဝတ္ထုကထာ	၄၃၁
၁၆။	ပဒဘာဇနီယဝဏ္ဏနာ	၄၃၈
၁၇။	ဝိနီတဝတ္ထုကထာ	၄၄၆
၁၈။	အာသီသပတ္ထနာ	၄၅၆

မာတိကာ ပြီး၏။

မန္တလေးပြို့

မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ ဦးစန္ဒောဘာသ

၏

မစိုးရိမ်

အာဘောဂါဒိဒိပနီ

အာဘော်အလင်းပြကျမ်း

တတိယအကြိမ် ဖြည့်စွက် ပြင်ဆင်ရိုက်နှိပ်ခြင်း။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၂ ကောဇာ-၁၃၄၀ ဇန္ဒဝါရီလ-၁၉၇၉

ရန်ကုန်မြို့ ကမ္ဘာဓားသာသနာရေးဦးစီးဌာန မုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က မုံနှိပ်ထုတ်ဝေသည်။

"အာဘောဂါဒိ ဒီပနီခေါ်"

အာဘော် အလင်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနော တုယ္ဒံ ဇယံ ဒေတု။

ဗုဒ္ဓံ ဝန္ဒိယ သက္ကစ္စံ၊ အာဘောဂါဒိဘိဝေဓကံ။
ဓမ္မဉ္စဿ တိကလျာဏံ၊ ပုညခေတ္တ မနုတ္တရံ။
သောတူနံ ဉာဏပါကာယ၊ ကရိဿာဘောဂဒီပနိ်။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာသနေ။
ပုထုဇ္ဇနောဝ ဟောမာဟံ၊ တသ္မာ ဘဝေယျ ဝိရဒ္ဓံ။
တေန တံ ပရိဝဇ္ဇေတ္ဝာ၊ သစ္စမေဝ ဂဏ္ဍေ ဗုဓော။
(ပဏာမာဒိကဏ္ဍံ နိဋ္ဌိတံ။)

၁။ တေနာတိ အနိယမ နိဒ္ဒေသဝစနံ-၌ အဋ္ဌကထာ ဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကား တေန-၌ တ-ဟူသော သဗ္ဗနာမ်ပုဒ်၏ အနိယမိတသမယကို ဟောသည်၏ အဖြစ်ကို သိစေလိုသည်။

သံဝဏ္ဏနာ ကား—သဗ္ဗနာမ်ပုဒ်၏ အနက်ကို ဖွင့်ပြသော ကြောင့် သဗ္ဗနာမ လိင်္ဂတ္ထ သံဝဏ္ဏနာတည်း။ ။သမ္ဗန္ဓ ဆက္ကတွင် ပဒတ္ထ သံဝဏ္ဏနာတည်း။

ဤကား–အလျော်ဖြစ်သော အနွယာဘောဂ, အဖြောင့်ဖြစ်သော ဥဇုကာဘောဂ, တိုက်ရိုက် ဖြစ်သော နီတတ္ထာ-ဘောဂတည်း။

တေန-၌ တ-ဟူသော သဗ္ဗနာမ်ပုဒ်၏ နိယမိတသမယကို မဟောသည်၏ အဖြစ်ကို သိစေသည်။ ဤကား–ဆန့်ကျင်ဘက်ဖြစ်သော ဗျတိရေကာဘောဂ, အကောက် ဖြစ်သော ဝက်တ္ထာဘောဂ, ဆောင်၍ သိအပ်သော နေယျတ္ထာဘောဂတည်း။

ထိုပါဌ်၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား — တေန-၌ တ-သည် အနိယမိတသမယကို ဟော၏ဟူလို။

ဤကား - အလျော်အားဖြင့် သိအပ်သော အနွယတ္ထ, အဖြောင့်အားဖြင့် သိအပ်သော ဥဇုကတ္ထ, တိုက်ရိုက်အားဖြင့် သိအပ်သော နီတတ္ထ အဓိပ္ပါယ်တည်း။

ဆန့်ကျင်ဘက်အားဖြင့် သိအပ်သော ဗျတိရေကတ္ထ, အကောက်အားဖြင့် သိအပ်သော ဝက်တ္ထ, ဆောင်၍ သိအပ်သော နေယျတ္ထ၊ အဓိပ္ပါယ်ကား— တေန-၌ တ-သည် နိယမိတသမယကို မဟောဟူလို။

ထိုပါဌ်ဖြင့် ယူအပ်သော ဂဟေတဗ္ဗတ္ထကား တေန-၌ တ-သည် အနိယမိတ သမယကို ဟော၏ ဟူသော အနက်တည်း။

အညွှာဒပါဟန်-နည်းဖြင့် ပယ်စွန့်အပ်သော နိဝတ္တော-တမ္မတ္ထကား တေန၌ တ-သည် နိယမိတသမယကို မဟော ဟူသော အနက်တည်း။

မှတ်ချက်။ ။ရှေ့ပြလတ္တံ့သော သံဝဏ္ဏနာတို့၌လည်း ဤနည်းကို မှီး၍ အနှယာဘောဂ, အနှယပိဏ္ဍတ္ထ စသည်တို့ကို ကြံစည်တော် မူကြပါကုန်။

၂။ (က) **သမယသဒ္ဒါ** တာဒ၊ သမဝါယေ (လ) ဒိဿတိ၊ (ခ) ဣမ ပနဿ ကာလော အတ္ထော-၌ အာဘော် နှင့် သံဝဏ္ဏနာ-ကား သမယေန၌ သမယ သဒ္ဒါသည် တစုံတခုသော သဒ္ဒန္တရိက်ကို မထောက်မူ၍ သာမညအား-ဖြင့် သမဝါယ, ခဏ, ကာလ, သမူဟ, ဟေတု, ဒိဋ္ဌ, ပဋိလာဘ, ပဟာန, ပဋိဝေဓ-ဟု ဆိုအပ်သော အနက်ကိုးပါးကို ဟော စွမ်းနိုင်သည်၏အဖြစ်ကို သိစေလိုသည်။

သံဝဏ္ဏနာကား- သာမညအား-ဖြင့် သမယသဒ္ဒါ ဟော နိုင်သော အနက်တို့ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာ, သဒ္ဒတ္ထသံဝဏ္ဏနာတည်း။

ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား – သမယေန-၌ **အ**ကျုံးဝင်သော သမယ သဒ္ဒါသည် သာမည အား-ဖြင့် သမဝါယ-စသော **အနက်ကိုးပါး**တို့ကို **ဟောနိုင်၏** ဟူလို။

၂။ (ခ) ဣမ ပနဿ ကာလော အတ္ထော-၌ အာဘော် နှင့် သံဝဏ္ဏနာကား- ထိုသို့ သမယသဒ္ဒါသည် သာမည အား-ဖြင့် **အနက်ကိုးပါး**ကို ဟောနိုင်ငြားသော်လည်း ဤနေရာ၌ သမယသဒ္ဒါသည် **အထူး**အား-ဖြင့် ကာလအနက်ကို ဟော သည်၏**အ**ဖြစ်ကို သိစေလိုသည်။

သံဝဏ္ဏနာကား အထူးအားဖြင့် သမယသဒ္ဒါ၏ ကာလ အနက်ဟော၏အဖြစ်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာ, သဒ္ဒတ္ထသံဝဏ္ဏနာတည်း။

ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား—သမယ သဒ္ဒါသည် သာမည အားဖြင့် အနက်ကိုးပါးကို ဟောနိုင်သော်လည်း ဤ တေန သမယေန ပါဠိ၌ သမယ သဒ္ဒါ၏ အထူးအားဖြင့် ကာလ အနက်ဟော၏ အဖြစ်ကို ယူရမည်ဟူလို။

ထိုထို အနက်အားလျော်စွာ သမယသဒ္ဒါကို ဝိဂြိုဟ်ဆိုပုံကား

"သဟကာရီ ကရဏသန္နိဏ္ဌံ သမေတီတိ သမယော"
ဟေတုကတ္တု သာဓန ကိတ်ဝိဂြိုဟ်။
"သင်္ဂမဝသေန ပဋိအယနံ ကေတော ပဝတ္တိ ဧတ္ထာတိ သမယော"
သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ဝိဂြိုဟ်။

အရကား– သမဝါယ ရ၏။ ဤကား သမဝါယတ္ထတည်း။
"သမေတိ သမာဂစ္ဆတိ ဧတ္ထ မဂ္ဂဗြဟ္မစရိယန္တိ သမယော"
အဓိကရဏသာဓန ကိတ်ဝိဂြိုဟ်။

အရကား-ခဏ ရ၏။ ဤကား- **ခဏတ္ထတည်း**။

"သမေတိ သံဂစ္ဆန္တိ ဧတေန ဓမ္မာတိ သမယော"
"သမေတိ သံဂစ္ဆန္တိ ဧတ္ထ ဓမ္မာတိ သမယော"
ကရဏသာဓန, အဓိကရဏသာဓန ကိတ်ဝိဂြိုဟ်။

အရကား-ကာလရ၏။ ဤကား-**ကာလတ္ထတည်း**။

"သမေန္တိ အဝယဝါ ဇော်ထာတိ သမယော"

'သမံ သဟ ဝါ အဝယဝါနံ အယနံ ပဝတ္တိ အဝဠာနံ သမယော'

အမိကရဏသာဓန ကိတ်ဝိဂြိုဟ်နှင့်

ကမ္မဓာရည်း သမာသ်ဝိဂြိုဟ်။

အရကား-သမ္မဟရ၏။ ဂျိကား-သမ္မဟတ်ထတည်း။

'ပစ္စယန္တရသင်္ကမေတိ အာဂစ္ဆတိ ဇောသ္မာ ဖလန္တိ သမယော'

အပါဒါနသာဓနကိတ်ဝိဂြိုဟ်။

အရကား-ဟေတုရ၏။ ဂျိကား-ဟေတုတ်ထတည်း။

"သညာဝသေန ဝိပလ္လာသတော ဓမ္မေသု ဇေတိ အဘိနိဝိ-
သတီတိ သမယော"

"သမေတိ သမ္မန္နေဝဲ ဇေတိ သဝိသယေ ပဝတ္တတိ ဇောနာတိ
သမယော"

ကတ္တုသာဓန, ကရဏသာဓနကိတ်ဝိဂြိုဟ်။
"အရကား" ဒိဋ္ဌရ၏။ ဂျိကား-ဒိဋ္ဌတ်ထတည်း။

"သမယနံ သင်္ကတိ သမောဓာနံ သမယော"

ဘာဝသာဓနကိတ်ဝိဂြိုဟ်။

"သမိပံ အယနံ ဥပဂမနံ သမယော"

ဒုတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။

"အရကား"-ပဋိလာဘရ၏။ ဂျိကား လာဘတ်ထတည်း။

"သမဿ နိရောဓဿ ယာနံ သမယော"
"သမ္မာ ဝါ ယာနံ အပဂမော အပဝတ္တိ သမယော"
ဆဋ္ဌီတပ္ပုရိသ်သမာသ်နှင့်, ကမ္မဓာရည်း သမာသ်ဝိဂြိုဟ်။
အရကား-ပဟာနရ၏၊ ဤကား ပဟာနတ္ထတည်း။

"သမ္မဒေဝ သဟိဘာနံ သစ္စာနံ အယနံ ဇာနနံ သမယော"
ကမ္မဓာရည်းသမာသ်ဝိဂြိုဟ်။

အရကား-ပဋိဝေဓရ၏။ ဤကား-ပဋိဝေဓတ္ထတည်း။

၃။ ဝေရဥ္ဇာတိ အညတရဿ နဂရဿေတံ အဓိဝစနံ။ တဿံ ဝေရဥ္ဇာယံ၊ သမီပတ္ထေ ဘုမ္မဝစနံ-၌ အဌကထာဆရာ၏ အာဘော် သံဝဏ္ဏနာကား-ဝေရဥ္ဇာ (လ) အဓိဝစနံ-ဖြင့် ဝေရဥ္ဇာ-ဟူသောနာမ်သည် ဝိဂြိုဟ် ဝစနတ်ပြုကောင်းသော အနွတ္ထနာမ် မဟုတ်၊ ဝိဂြိုဟ်ဝစနတ် မပြုကောင်းသော ရုဋ္ဌိ နာမ်၏အဖြစ်ကို သိစေသည်။

တနည်း - ဝေရဥ္ဇာ-ဟူသော အမည်သည် တပါးသောရွာ, နိဂုံးစသည်တို့၏ အမည်မဟုတ်။ ဝေရဥ္ဇာ-အမည်ရှိသောမြို့ တမြို့၏ အမည်၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား - ဝေရဥ္ဇာဟူသော နာမ်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထ သံဝဏ္ဏနာတည်း။

တဿံ ဝေရဥ္ဇာယံ-ဖြင့် ထိုသို့ ဝေရဥ္ဇာပုဒ်၏ အနက်ကို ပဒါဝဓိကန္တ, အားဖြင့် ဖွင့်ပြသော်လည်း ဝါကျာဝဓိကန္တ, အားဖြင့် သဘ္ဘမျန္တ, ဖြင့် ဝေရဥ္ဇာယံ-ဟု နေရမည်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာဘည်း။

ထိုဖြင့် နစ်စေအပ်သောအနက်ကား- သတ္တမီကေ-ဝစနန္တမှ-တပါးသော ဝေရဥော-ဟူသော ပဌမာ-စသော ဝိဘတျန္တ-တို့ကို နစ်စေသည်။

၃။ တနည်းကား- တဿံ ဝေရဥာယံဖြင့် ဤ၌ ပဌမာ ဝိဘတ်နှင့်ဖွင့်သော်လည်း ဝါကျ၌ကား—သတ္တမီဝိဘတ် အဆုံး ရှိသောပုဒ်၏အဖြစ်ကို သိစေသည်။

ဝိဘတ်ကို ဖွင့်သောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာတည်း။

မှတ်ချက်။ ။ဝိဘတျန္တဝါကျာဝဓိကန္တ-ဖွင့်ပြသောအရာဌာန ဟူသမှ တို့၌ ဤနည်းနှင်နှင်ချည်းဟု မှတ်လေ။

သမီပတ္ထေ ဘုမ္မဝစနံ-ဖြင့် ထိုသတ္တမီဝိဘတ်၏ အာဓာရ လေးပါးတွင် သမီပါဓာရ၏အဖြစ်ကို ဝါ-သမီပ အနက်၌ သက်သည်၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—ဝိဘတ် အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာတည်း။

ထိုဖြင့် နစ်စေအပ်သော အနက်ကား- ကံ ကရိုဏ်း စသော အနက်တို့ကို နစ်စေသည်။

ထို၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကား ဝေရဥာ-ဟူသည် မြို့တမြို့၏ အမည်။ ဝေရဥ,ဟု ပဌမန္တ ဖွင့်ပြသော်လည်း ပါဋ္ဌိတော် ကု၌ ဝေရဥာယံ-ဟု သတ္တမျန္တ နေရမည်။ ထိုသတ္တမီ ဘတ်သည် သမီပအနက်၌ သက်၏ဟူလို။

"ဝေရဉ္ဇာပုဒ်ကို ဝိဂ္ဂဟပြုပုံကား"

"ဝိဂတော ရဇော အဿာတိ ဝေရဉ္ဇာ"
စတုတ္ထီဗဟုဗ္ဗိဟိသမာသ်ဝိဂြိုဟ်။
"ဝေရံ ဧတ္ထ ဇာတန္တိ ဝေရဉ္ဇာ"
သတ္တမီဗဟုဗ္ဗိဟိသမာသ်ဝိဂြိုဟ်။
"ဝိဝိဓေဟိ ရဉ္ဇယတီတိ ဝေရဉ္ဇာ"
ကတ္တုသာဓနကိတ်ဝိဂြိုဟ်။
"ဝေရံ အဘိဘဝိတ္ဝာ ဇာတာတိ ဝေရဉ္ဇာ"
ဒုတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။
"ဝေရဉ္ဇဿ ဣသိနော အဿမဋ္ဌာနေ ကတာတိ ဝေရဉ္ဇာ"
ကတ တဒ္ဓိတ်ဝိဂြိုဟ်။

အရကား—ဝေရဉ္ဇာ-အမည်ရှိသောမြို့ ရ၏။

မှတ်ချက်။ ။ဝေရဉ္ဇာယံ ဝိဟရတိကား သမီပူပစာ ပစ္စာ-
သတ္တိနည်းတည်း။

တင်ပုံဆိုရိုးကား–ဤ ဝေရဉ္ဇာသဒ္ဒါသည် အနီးရှိသော ဝေရဉ္ဇာမြို့၏ ဝေရဉ္ဇာဟူသော အမည်ကို အနီးဖြစ်သော အမာပင်၌ တင်စား၍ အနီးဖြစ်သောအမာပင်ကို ဝေရဉ္ဇာဟု ခေါ်ဝေါ်ခြင်းကြောင့် သမီပူပစာသဒ္ဒါမည်၏။

နည်းဆိုရိုးကား–ဝေရဉ္ဇာယံ ဟူသောနည်းသည် ဝေရဉ္ဇာမြို့တည်းဟူသော ရသင့်တိုင်းကို မယူမူ၍ နဋ္ဌေရုတမာပင်တည်းဟူသော အနီးကိုသာ ယူရသောကြောင့် ပစ္စာသတ္တိနည်း မည်၏။

၄။ (က) ဝိဟရတီတီ အဝိသေသေန ဣရိယာပထ ဒိဗ္ဗ-ဗြဟ္မ, အရိယ ဝိဟာရေသု အညတရ ဝိဟာရသမ်ဂီ ပရိဒီပန-မေတံ။

(ခ) ဣဓ ပန ဌာန ဂမန နိသဇ္ဇ သယနပ္ပဘေဒေသု အညတရ ဣရိယာပထ သမာယောဂ ပရိဒီပနံ-၌—

အာဘော်သံဝဏ္ဏနာကား (က) ဝါကျဖြင့် သဒ္ဒန္တရိက် သဒ္ဒါအထူးမရှိရကား သာမန်အားဖြင့် ဝိဟာရလေးပါးတွင် ရံခါ ဒိဗ္ဗဝိဟာရဖြင့်, ရံခါ- ဗြဟ္မဝိဟာရဖြင့်, ရံခါ အရိယ-ဝိဟာရဖြင့် မြတ်စွာဘုရား နေတော်မူ၏ ဟူသော အဓိပ္ပါယ်ကိုဋင်း၊ ဝိ, ဥပသာရ၏ ဝိဝိဓ အနက်ဟော၏ အဖြစ်ကိုဋင်း၊ ဟရ, ဓာတ်၏ ဥပ နယန အနက်ဟော၏ အဖြစ်ကိုဋင်း သိစေသည်။

သံဝဏ္ဏနာကား-အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ၊ ဥပသာရပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထ၊ အာချာတ် ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထ၊ သံဝဏ္ဏနာတည်း။

ထိုဖြင့် နစ်စေအပ်သော အနက်ကား- ဒိဗ္ဗဝိဟာရစသော တပါးတပါးသော ဝိဟာရဖြင့်သာ နေတော်မူသည်၏ အဖြစ်ကို နစ်စေသည်။

အဖွင့်အားလျော်စွာ သံဝဏ္ဏေတဗ္ဗ ပါဋိတော်ပါဌ်
အနက်ပေးပုံကား

ဝိဟရတီ-ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရ တို့ဖြင့် သဲတ္တဝါတို့၏ အထူးထူး အပြားပြားသော စီးပွါးချမ်းသာကို

ဆောင်တော် မူတတ်၏။ (ဤကား- အဓိပ္ပါယန္တောဂတသဒ္ဒတ္ထ)။ ဝါ-နေတော်မူ၏။ (ဤကား—သင်္ကေတတ္ထဝေါဟာရတ္ထ)။

(ခ) ဝါကျဖြင့် ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရတို့၏ ဣရိယာပထ ဝိဟာရနှင့် ကင်းလျ် မဖြစ်ရကား—

ဤ၌ အထူးအားဖြင့် ရပ်, ထိုင်, ကြွသွား, လျောင်းတော်မူသော မြတ်စွာဘုရားကို "ဝိဟရတိ" ဟု ဆိုအပ်ပါ၏ဟူသော အဓိပ္ပါယ်ကိုဂင်း၊ "ဝိ-ဥပသဂ္ဂ"၏ ဝိစ္ဆိန္နနတ္ထကိုဂင်း၊ ဟရ ဓာတ်၏ "ပဝတ္တေတိ" အနက်ဟော၏ အဖြစ်ကိုဂင်း သိစေသည်။

သံဝဏ္ဏနာကား— အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ၊ ဥပသဂ္ဂပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ၊ အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတ္ဝတ္ထသံဝဏ္ဏနာတည်း။

ထိုဖြင့် နစ်စေအပ်သောအနက်ကား· တပါးတပါးသော ဣရိယာပုထ်ဖြင့်သာ နေတော်မူ၏ ဟူသော အနက်ကို နစ်စေသည်။

အဖွင့်အားလျော်စွာ သံဝဏ္ဏတဗ္ဗ ပါဠိတော်ပါဌ်
အနက်ပေးပုံကား

ဝိဟရတိ၊ တခုသော ဣရိယာပုထ်ဖြင့် ကျင်နာသည်ကို တခုသောဣရိယာပုထ်ဖြင့် ဖြတ်၍ အတ္တဘောကို မကျသည်ကို ပြု၍ ဖြစ်စေတော်မူ၏။ (ဤကား—အဓိပ္ပါယန္တောဂတသဒ္ဒတ္ထ)။ ဝါ-နေတော်မူ၏။ (ဤကား သင်္ကေတတ္ထဝေါဟာရတ္ထ)။

ထိုပါဠိတို့၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား—(က) ဝိဟရတိ သဒ္ဒါသည် သာမည အားဖြင့် ဝိဟာရလေးပါးတို့တွင် တပါးပါးသော ဝိဟာရနှင့် ပြည့်စုံသည်၏ အဖြစ်ကို ပြ၏။

(ခ) ဣရိယာပထ လေးပါးတို့တွင် တပါးပါးသော ဣရိယာပထနှင့် ကောင်းစွာ ယှဉ်သည်၏ အဖြစ်ကို ပြတတ်၏ ဟူလို။

သံဝဏ္ဏနာဝါကျလာ ဣရိယာပထဝိဟာရ စသော ပုဒ်တို့ကို အဝိတ်အပေါင်း ဝိဂြိုဟ်ပြုပုံကား—

"ဣရိယန် ပဝတ္တန် ဣရိယာ"

ဘာဝသာဓန-အရကား— ကာယပ္ပယောဂ- ကာယိက ကြိယာရ၏။

"ပထတိ ပဝတ္တတိ ဧတေနာတိ ပထော"

ကရဏသာဓန—**အရကား**-ဌာန, နိသဇ္ဇ, ဂမန, သယနရ၏။

"ဣရိယာယ ပထော ဣရိယာပထော"

ဆဋ္ဌီတပ္ပုရိသ်သမာသ်-အရကား— ဌာန, နိသဇ္ဇ စသည် လေးပါးရ၏။

"ဝိဟရဏ် ဝိဟာရော"

ဘာဝသာဓန – **အရကား**—နေခြင်း ကြိယာရ၏။

တနည်း—"ဝိဟရတိ ဧတေနာတိ ဝိဟာရော"

ကရဏသာဓန-အရကား—စတုသန္ဓတိ ရုပ်အစဉ်ရ၏။

"ဣရိယာပထော၀ ဝိဟာရော ဣရိယာပထဝိဟာရော"

အဝဓာရဏ ကမ္မဓာရည်း သမာသ်-အရကား— ဌာန, နိသဇ္ဇ စသော အခြင်းအရာဖြင့် ဖြစ်သော စတုသန္ဓတိ ရုပ် အစဉ်ရ၏။

"ဒိပ္မာယ သံဝတ္တတီတိ ဒိပ္မော"
သံဝတ္တတီတဒ္ဓိတ်။

(ဒိပ္မော စ သော ဝိဟာရော စာတိ ဒိပ္မဝိဟာရော)

ကမ္မဓာရည်းသမာသ်-အရကား—ဘဂဝါဟူသော သဒ္ဒါ ရိုက်ထောက်၍ ဘုရားရှင်အား ဖြစ်သင့်သော ရူပစတုတ္ထ-ဈာန်သမာပတ်ရ၏။

မှတ်ချက်။ ။ဘုရားမှ တပါးသော ပုဂ္ဂိုလ်တို့၏ ဒိပ္မဝိဟာရ အရကို ငမတ္တာဈာန် စသည် လေးပါးမှ တပါးသော ရူပဈာန် သမာပတ်ကို ကောက်ယူရမည်။

"ဗြဟ္မာနံ ဗြဟ္မာနော ဝါ ဝိဟာရော ဗြဟ္မဝိဟာရော"

ဆဋ္ဌီတပ္ပုရိသ်သမာသ်-အရကား—မေတ္တာဈာန် စသော အပွမညာလေးပါး ရ၏။

"အရိယာ ဥတ္တမာ ဝိဟာရာ အရိယဝိဟာရာ"
ကမ္မဓာရည်းသမာသ်။

"အရိယာနံ ဝိဟာရာ အရိယဝိဟာရာ"

ဆဋ္ဌီတပ္ပုရိသ်သမာသ်-အရကား— ဘုရားရှင်အား ဖြစ်ထိုက်သော စတုတ္ထဈာနိက ဖလသမာပတ်ရ၏။

မှတ်ချက်။ ။ဘုရားမှတပါးသော ပုဂ္ဂိုလ်တို့၏ အရိယ ဝိဟာရ အရကို ဖလသမာပတ် လေးပါးလုံး ကောက်ရမည်။

၅။ (က) နဋ္ဌေရ နာမ ယက္ခော၊ (ခ) ပုစိမန္ဒောတိ နိမ္မ-ရက္ခော၊ (ဂ) မူလန္တိ သမီပံ-တို့၌—

အာဘော်သံဝဏ္ဏနာကား (က) ယက္ခောဖြင့် နဋ္ဌေရ ဟူသောအမည်သည် သစ်ပင်, နတ်, လူ-စသည်တို့၏ အမည် မဟုတ်၊ နဋ္ဌေရ-မည်သော ဘီလူး၏ အမည်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား-ပဒ, အတ္ထ, ပဒတ္ထ – သုံးပါးတွင် အနက်ကို ဖွင့်ပြသောကြောင့် အတ္ထ၊ အတ္ထ—ကိုးပါးတွင် လိင် အနက်ကို ဖွင့်ပြသောကြောင့် လိင်္ဂတ္ထ၊ လိင်္ဂတ္ထငါးပါးတွင် နာမ်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထ-သံဝဏ္ဏနာတည်း။

(ခ) နိမ္မရက္ခောဖြင့် ပုစိမန္ဒသဒ္ဒါ၏ တမာပင်ဟော ပရိ-ယာယ်၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—ပရိယာယ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။

တနည်း။ ။ပဒ အတ္ထ ပဒတ္ထ—သုံးပါးတွင် အတ္ထ၊ အတ္ထ ကိုးပါးတွင် လိင်္ဂတ္ထ၊ လိင်္ဂတ္ထ ငါးပါးတွင် သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ တည်း။

မှတ်ချက်။ ။အပရေ ဆရာတို့ကား ပရိယာယ် အနက်ကို ဖွင့်ပြက ပဒတ္ထ သံဝဏ္ဏနာချည်းဟူ၏၊ ပဒတ္ထ ကိုးပါးတွင်လည်း သမာသ လိင်္ဂပဒတ္ထဟူ၏။

(ဂ) သမီပံဖြင့် မူလသဒ္ဒါ၏ မူလနက္ခတ်, အဘိုး၊ အကြောင်း စသည်ကို ဤ၌ ဟောသည်မဟုတ်၊ အနီး-ဟူသော သမီပတ္ထကို ဟောသည်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား— အတ္ထ ကိုးပါးတွင် အလိုရှိအပ်သော သရုပ်ကြား အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။

ထိုပါဌ်တို့၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကား နဋ္ဌေရ ဟူသည် ဘီလူး၏အမည်။ ပုစိမန္ဒ သဒ္ဒါသည် တမာပင်ဟော၊ မူလ သဒ္ဒါသည် သမီပအနက်ကို ဟော၏ ဟူလို။

နဋ္ဌေရ ပုစိမန္ဒပုဒ် ဝိဂ္ဂဟပြုပုံကား—နဋ္ဌေရနာ အဓိဝတ္ထော အဓိဂ္ဂဟိတော ဝါ ပုစိမန္ဒော နဋ္ဌေရပုစိမန္ဒော"

မဇ္ဈေလောပီ တတိယာ တပ္ပုရိသ်သမာသ်။

အရကား—နဋ္ဌေရ ဘီလူးစိုးအုပ်၍ နေသော၊ ဝါ-သိမ်းဆည်း၍ ယူအပ်သော တမာပင် ရ၏။

နဋ္ဌေရ ပုစိမန္ဒမူလေ—နဋ္ဌေရ မည်သော ဘီလူးသည် စိုးအုပ်၍ နေသော။ ဝါ၊ သိမ်းဆည်း၍ယူအပ်သော တမာပင်-၏ အနီး၌။ ဝါ- တမာပင်အောက်၌။ ဤသို့ အနက်ယော-ဇနာခြင်းကို ပြုရမည်။

မှတ်ချက်။ ။နဋ္ဌေရ ပုစိမန္ဒမူလေ ကား သမီပူပစာ, ပစ္စာသတ္တိနည်းတည်း။

တင်ပုံဆိုရိုးကား—ဤ၌ နဋ္ဌေရ ပုစိမန္ဒ မူလ သဒ္ဒါသည် အနီးရှိသော တမာပင်ရင်း အမြစ်၏ ပုစိမန္ဒမူလ ဟူသော

အမည်ကို အနီးဖြစ်သော တမာပင်အရိပ်၌ တင်စား၍ အနီးဖြစ်သော တမာပင်၏ အရိပ်ကို ပုစိမန္ဒမူလ-ဟု ခေါ်ဝေါ်ခြင်းကြောင့် သမီပူပစာသဒ္ဒါမည်၏။

နည်းဆိုရိုးကား — နဋ္ဌေရ ပုစိမန္ဒမူလေ – ဟူသော သဒ္ဒါသည် တမာပင်၏ အရင်းအမြစ် တည်းဟူသော ရသင့်တိုင်းကို မယူမူ၍ တမာပင်၏ အရိပ်တည်းဟူသော အနီးကိုသာ ယူရသောကြောင့် ပစ္စာသတ္တိနည်းမည်၏။

၆။ (က) မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ။
(ခ) သခ်ျာမဟတ္တေနပိ-၌ –

အာဘော်သံဝဏ္ဏနာ၌ – အန္ဓယအာဘော်ကား (က) မဟတ္တေနဝယ် မဟတ္တဖြင့် မဟန္တပုဒ်၏ အမြတ် ဟူသော ဥတ္တမအနက်ဟော၏ အဖြစ်ကိုဋင်း၊ တ္တေန ဟူသော နာဝိဘတ်ဖြင့် မဟတာ၌ တာ၏ နာဝိဘတ်၏ ကာရိယ၏အဖြစ်ကိုဋင်း၊ ပိဖြင့် ဥတ္တမအနက်မှတပါး အများဟူသော ပစုရအနက်ကိုလည်း ဟောသေးသည်၏ အဖြစ်ကိုဋင်း၊ ဂုဏဖြင့် ထိုအမြတ်၏ ဂုဏ်အားဖြင့် မြတ်သည်ကို ယူရမည်အဖြစ်ကိုဋင်း သိစေသည်။

ဗျတိရေက, အာဘော်ကား—မဟန္တပုဒ်၏ ဥတ္တမတ္ထမှတပါးသော ပူဇာ,သမ္ပတ္တိ-စသော အနက် တို့ကို မဟောသည်၏အဖြစ်ကိုဋင်း၊ မဟတာ၌ တာ၏ တဒ္ဓိတ်တာပစ္စည်း မဟုတ်သည်၏ အဖြစ်ကိုဋင်း၊ ဥတ္တမတ္ထ ပစုရတ္ထမှ တပါး

သော ပူဇာ-စသောအနက်ကို မဟောသည်၏ အဖြစ်ကိုရင်း၊ မဟတ္တ၏ ဇာတိမဟတ္တ, ပုညမဟတ္တ မဟုတ်သည်၏ အဖြစ်ကိုရင်း သိစေသည်။

သံဝဏ္ဏနာကား-နာမ်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္တ၊ နာဝိဘတ်၏ ကာရိယ၏ အဖြစ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒ၊ ပစုရတ္ထကိုလည်း ဟောသေး၏ ဟူသော အခိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္တ၊ မဟတ္တအရ ဂုဏကိုယူ ဟူသောအရ သရုပ်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။

အဖွင့်အားလျော်စွာ ဝိဂ္ဂဟပြုပုံကား ဂုဏေန မဟတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ မဟန္တော၊ ကတ္တုသာဓန ကိတ်ဝိဂြိုဟ်၊ **အရကား**-ဂုဏ်ရ၏။

(ခ) သန်ျာမဟတ္တေနပိ-၌-

အဖြောင့် ဥဇုက အာဘော်ကား— မဟန္တပုဒ်၏ အများ ဟူသော ပစုရအနက် ဟော၏ အဖြစ်ကိုရင်း၊ မဟတာ၌ တာ၏ နာဝိဘတ်၏ ကာရိယ-တာ၏ အဖြစ်ကိုရင်း၊ ပစုရတ္ထမှ တပါးသော ဥတ္တမတ္ထကိုလည်း ဟောသေးသည်၏အဖြစ်ကိုရင်း၊ ထိုအများ၏ အရေအတွက် သန်ျာကို ယူရမည်၏ အဖြစ်ကိုရင်း သိစေသည်။

အကောက် ဝက် အာဘော်ကား—မဟန္တ သဒ္ဒါ၏ ပစုရတ္ထမှ တပါးသော ပူဇတ္ထ, စသည်ကို မဟောသည်၏ အဖြစ်ကိုရင်း၊ တာ၏ တဒ္ဓိတ်, တာပစ္စည်း မဟုတ်သည်၏ အဖြစ်ကိုရင်း၊ ပစုရတ္ထ, ဥတ္တမတ္ထမှ တပါးသော ပူဇတ္ထ-

စသည်ကို မဟောသည်၏ အဖြစ်ကိုဂင်း၊ အများဟူသော မဟတ္တ၏ ရတ္တညူ မဟတ္တ-ဝေပုလ္လမဟတ္တစသည် မဟုတ်သည်၏ အဖြစ်ကိုဂင်း သိစေသည်။

သံဝဏ္ဏနာကား—နာမလိင်္ဂတ္ထ-ဝိဘတ္တိပဒ ဘာဝတ္ထ အာဘိယျောတ္ထသံဝဏ္ဏနာတည်း။

ဌာနာနုရူပဝိဂ္ဂဟပြုပုံကား—"သခ်္ခါယ မဟတိ ဗဟုလ-ဘာဝံ ဂစ္ဆတိတိ မဟန္တော" ဟု ကတ္တုသာဓနပြု၍ အရေအတွက်သခ်္ခါကို အရကောက်လေ။

အဖွင့်အားလျော်စွာ သံဝဏ္ဏတဗ္ဗအနက်ပေးပုံကား—

မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော။ ဝါ၊ အရေအတွက် အားဖြင့်များသော....

မှတ်ချက်။ ။ဤသို့ အစိတ်အစိတ် ခွဲခြား၍ အာဓေဘာဂကို ပြသဖြင့် နစ်စေအပ်သော နိဝတ္တေတဗ္ဗတ္ထကို သိရန်ဂင်း၊အာဘောဂ ဉာဏ်, သံဝဏ္ဏနာဉာဏ် ထက်သန်ရန်ဂင်း ရှေးရှုရည်ရွယ်သည်။

၇။ (က) ဘိက္ခူနံ သံဃေန ဘိက္ခုသံဃေန (ခ) ဒိဋ္ဌ-သီလ သာမညေ သခ်ါတသဃ်ာတေန သမဏာ ဂေဏနာတိ အတ္ထော။ ( ) သဒ္ဒိန္တိ ကေတောဋ္ဌေ—

အာဘော်သံဝဏ္ဏနာကား— (က) ဘိက္ခုနှင့် သံဃပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်ပြုရမည်၏အဖြစ်ကို သိစေသည်။ ယင်းဖြင့် ဒုတိယာတပ္ပုရိသ် စသည်၏ အဖြစ်ကို နစ်စေသည်။ ဘိက္ခူနံ

သံဃေန ဘိက္ခုသံဃေန, ဟု ဝါကျာဝဓိကန္တအားဖြင့် ဖွင့်ပြခြင်းသည် လဟုကနည်းဖြင့် ပြုထား၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

သံဝဏ္ဏနာကား—သမာသလိင်္ဂတ္ထ, ဘာဝတ္ထတည်း။

(ခ) ဒိဋ္ဌိ (လ) သဃ်ာတေနဖြင့် ဘိက္ခုသံဃေနဌ် သံဃပုဒ်ကို ဒိဋ္ဌိသီလ သာမညေန သံဟနိယတီတိ သံဃော-ဟု ကမ္မသာဓနပြုရမည်၏ အဖြစ်ကိုဝင်း၊ တနည်း-ရ, ပစ္စည်း၏ကမ္မဝါစက ကမ္မသာဓန၏ အဖြစ်ကိုဝင်း၊ ဃ၏ ဟနဓာတ်၏ ကာရိယ၏ အဖြစ်ကိုဝင်း၊ သံဃသဒ္ဒါ၏ အပေါင်းဟော၏ အဖြစ်ကိုဝင်း၊ သမဏ ဂဏေနဖြင့် ဘိက္ခုအရ ပရိသတ်လေးပါးတို့နှင့် ဆက်ဆံရကား ဤဌ် ရဟန်းကို ယူရမည်၏ အဖြစ်ကိုဝင်း သိစေသည်။

သံဝဏ္ဏနာကား ကိတ်ပစ္စည်း၏အနက်ကို ဖွင့်သောကြောင့် ဒုတိယပစ္စယတ္ထ၊ ကိတ်ဓာတ်၏ ကာရိယကို ဖွင့်သောကြောင့် ဒုတိယ ဓာတုပဒ၊ သံဃဟူသော နာမ်ပုဒ်၏ အနက်ကို ဖွင့်သောကြောင့် နာမလိင်္ဂတ္ထ၊ ဘိက္ခု၏ အရကို ဖွင့်သောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။

ထို၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကား—အယူသီလ တူသည်၏အဖြစ်ဟု ဆိုအပ်သော သဒိသဘောဂုဏ်ဖြင့် ပေါင်းအပ်သော ရဟန်း အပေါင်းသည် ဘိက္ခုသံဃ-မည်၏ဟူလို။

ဤဌ် သံဃပုဒ်ဝိဂ္ဂဟပြု၍ အရကောက်ပုံကား—

"ဒိဋ္ဌိသီလ သာမညေန သံဟနိယတီတိ သံဃော" (ကမ္မ-သာဓန။)

ဤ၌ အရကား— ယောတတ္ထပစ္ဆိမကော သော သောတာ-ပန္နော-ဟူသော အဌကထာပါဌ်ထောက်၍ အရိယာ ဖြစ်သော ရဟန်းအပေါင်း ရ၏။

ဤ၌ ဒိဋ္ဌိအရ—လောကုတ္တရာ သမ္မာဒိဋ္ဌိသာ ရ၏။

သီလအရ-လောကုတ္တရာသီလသာ ရ၏။

ဒိဋ္ဌိ သီလ တူပုံကား — သောတာပန် တို့အား နိယတ သဘောအဖြစ်ဖြင့် တူကြ၏။ ။အပေါင်းဟူသည် ဂုဏ်တူ အပေါင်းဟူလို။

(ဂ) ဖြင့် သဒ္ဓံ နိပါတ်၏ သဟအနက်ဟော၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား- နိပါတ်ပုဒ်၏အနက်ကို ဖွင့်သောကြောင့် နိပါတလိင်္ဂတ္ထတည်း။

ဂ။ (က၊၁) ပဉ္ဇ မတ္တေဟိ ဘိက္ခုသတေဟိတိ ပဉ္ဇ မတ္တာ ဧတေသန္တိ ပဉ္ဇမတ္တာနိ။

(က၊၂) မတ္တာတိ ပမာဏံ ဝုစ္စတိ။

(ခ၊၁) ဘိက္ခူနံ သဘာနိ ဘိက္ခုသဘာနိ။

(ခ၊၂) တေဟိ ပဉ္ဇမတ္တေဟိ ဘိက္ခုသတေဟိ၌....

အာဘော် သံဝဏ္ဏနာကား—(က၊၁)ဖြင့် ပဉ္ဇ မတ္တ နှစ်ပုဒ်ကို စတုတ္ထီဗဟုဗ္ဗိဟိသမာသ် တွဲစပ်ရမည်၏ အဖြစ်ကို သိစေသည်။ (သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။)

(က၊၂) ဖြင့် မတ္တာပုဒ်ကို မိယတိ ပမိယတိ ဧတေနာတိ မတ္တာဟု ကရဏ သာဓနပြု၍ မတ္တာအရ အာတိုင်းအရှည် ဟူသော ပမာဏကို ကောက်ရမည်၏အဖြစ်ကို သိစေသည်။ (အာဘိဓေယျတ္ထ သံဝဏ္ဏနာတည်း။)

(ခ၊၁) ဖြင့် ဘိက္ခု သဒ ပုဒ်၏ ဆဋ္ဌီ တပ္ပုရိသ်သမာသ်၏ အဖြစ်ကို သိစေသည်။ (သမာသ လိင်္ဂတ္ထ သံဝဏ္ဏနာ။)

(ခ၊၂) ဖြင့် ထိသို့ ပဒါဝယဝိကန္တဖြင့် ပဌမန္တ ဖွင့်သော် လည်း ဝါကျာဝယဝိကန္တ အာဒေးဖြင့်။ ဝါ-ပါဠိတော်ဝါကျ၌ ပဋ္ဌမတ္ထေဟိ ဘိက္ခုသတေဟိ-ဟု တတိယန္တ, နေရမည်ဟူသော အဓိပ္ပါယ်ကို သိစေသည်၊ (ဘာဝတ္ထ သံဝဏ္ဏနာတည်း, ဝိဘတ္တိပဒလည်း ဟူ၏။)

ထိုသံဝဏ္ဏနာတို့ဖြင့် နှစ်စေအပ်သောအနက်ကား

(က၊၁) ဖြင့် တတိယာဗဟုဗ္ဗဟိ, စသည်ကို (က-၂)ဖြင့် မတ္တာသဒ္ဒါ၏ ဣဿရိယစသော အနက်ဟော၏အဖြစ်ကို။

(ခ-၁) ဖြင့် ဒုတိယာတပ္ပုရိသ်စသည်၏အဖြစ်ကို။ (ခ၊၂) ဖြင့် တတ်ယန္တမှ တ၁ါးသော ပဌမာ ဝိဘာဂျန္တ-စသည်၏ အဖြစ်ကို နှစ်စေသည်။

မှတ်ချက်။ ။ဧတ္တာတိ ပမာဏံ ဝုစ္စတိကား ကေဒေသျ။။ ပစာ ဥပလက္ခဏ နည်းတည်း။

တင်ပုံဆိုရိုးကား– ဤ၌ မတ္တသဒ္ဒါသည် အပေါင်း ဖြစ်သော ဥမ္မာဒ, ဟာသ, အဝဓာရဏ, ဣဿရိယ, အက္ခရာ-ဝယဝ, ပရိမာဏ–စသော အနက်တို့၏ မတ္တ–ဟူသော အမည်ကို အစိတ်ဖြစ်သော ပရိမာဏ အနက်တစိတ်၌ တင်စား၍ အစိတ်ဖြစ်သော ပရိမာဏ အနက်တစိတ်ဒြဗ်ကို မတ္တ–ဟု ခေါ်ဝေါ်ခြင်းကြောင့်–ဧကဒေသျူပစာ သဒ္ဒါမည်၏။

သတိပြု။ ။အပေါင်း၏အမည်ကို အစိတ်၌ တင်စားလျှင် ဧကဒေသျူပစာ၊ အစိတ်၏အမည်ကို အပေါင်း၌ တင်စားလျှင်–ဧကဒေသူပစာဟု အထူးမှတ်။

ပုဒ်စစ်၌ကား—အစိတ်၌တင်ပါလျက် ဧကဒေသူပစာဟု အဆို ချုတ်ယွင်းလျက်ရှိ၏။ **အထောက်ကား–**အကြောင်း၏အမည် အကျိုး၌ တင်သည်ကို ကာရဏူပစာ၊ အကျိုး၏အမည် အကြောင်း၌ တင်သည်ကို ဖလူပစာ ဟု ဆိုသော ပုဒ်စစ်ဆရာ၏ စကားကိုပင် ထောက်။

၉။ အဿောသီတိ သုဏိ ဥပလဘိ၊ သောတဒ္ဒါရ-သမ္ပတ္တဝစနနိဂ္ဆေါသာနုသာရေန အညာသိ–၌—

အာဘော်သံဝဏ္ဏနာကား–သုဏိဖြင့် အဿောသိသည် အသဓာတ်–သိဝိဘတ် မဟုတ်၊ သုဓာတ်၏အဖြစ် အဇ္ဇတ္တနီ ဤဝိဘတ်၏အဖြစ် အ-အက္ခရာ,သ-အက္ခရာတို့ကား လာသော အာဂုံ၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား-အာချာတ်ဓာတ်ကိုရင်း၊အာချာတ်ဝိဘတ်ကို ရင်း၊ လာသော အာဂမဟူသော အခိပ္ပါယ်ကိုရင်း ဖွင့်ပြသော ကြောင့် ဓာတွတ္ထ။ ဒုတိယဝိဘတ္တိပဒ၊ဘာဝတ္ထသံဝဏ္ဏနာတည်း။

ဥပလဘိဖြင့် သုဏိ, ၌ သုဓာတ်၏ ပသဝန ဟိံသန-စသော အနက်ဟော မဟုတ်။ ဤ၌ ရ၏-ဟူသော ဥပလဘန အနက်ဟောသည်၏ အဖြစ်ကို သိစေသည်။

တနည်း။ ။ကြား၏ဟူသည်-ဤ၌ ရခြင်းပင်တည်း-ဟူသော အခိပ္ပါယ်ကို သိစေသည်။

သံဝဏ္ဏနာကား—အာချာတ်ဓာတ်၏အနက်ကို ဖွင့်ပြသော ကြောင့် ဓာတွတ္ထ။ တနည်း အခိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။

မှတ်ချက်။ ။ရှေနည်းကား ဆင်တဲဂဏ္ဌိ။နောက်နည်းကား ဘုရားကြီး ဂဏ္ဌိ အလိုတည်း။ ။ဝိနည်းဌီကာ သုတ်ဌီကာ တို့၌ ကား ဘာဝတ္ထ ဟု သဘောရရှိသည်။

သောတ(လ) အညာသိဖြင့် ရ၏ဟူသည် တစုံတခုသော ဝတ္ထုကို လက်ဝယ်ရသကဲ့သို့မဟုတ်, သိခြင်းပင်တည်းဟူသော အခိပ္ပါယ်ကိုရင်း၊ ထို သိခြင်းသည်လည်း မနောဒ္ဒါရဖြင့် သိခြင်းမဟုတ်, သောတဒ္ဒါရဖြင့် အသံကို ကြားသည်၏ အစွမ်းဖြင့် သိခြင်းပင်တည်း-ဟူသော အခိပ္ပါယ်ကိုရင်း သိစေသည်။

တနည်း။ ။အညာသိဖြင့် လဘဓာတ်၏ ဉာဏအနက် ဟော၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—ဘာဝတ္ထ။ တနည်း ဓာတွတ္ထသံဝဏ္ဏနာတည်း။

ထို၏ ပိဏ္ဍတ္ထအဓိပ္ပါယ်ကား- အသောသိကား သုဓာတ် အဇ္ဇတ္တနီ ဤဝိဘတ်- အ, သ, တို့ကား အာဂုံ။ ကြား၏ဟူသည် ရခြင်းပင်။ ရ၏ဟူသည်လည်း သောတဒ္ဒါရသို့ ရောက်သော စကားအသံကို အစဉ် လျောက်၍ သိခြင်းပင် ဟူလို။

အဖွင့်အားလျော်စွာ သံဝဏ္ဏေတဗ္ဗအနက်ပေးပုံကား—

အသောသိ၊ ကြား၏။[သဒ္ဒတ္ထ] ဝါ၊ရ၏။ [အဓိပ္ပါယတ္ထ] ဝါ၊ သောတဒ္ဒါရသို့ ရောက်သော စကား အသံကို အစဉ် လျောက်၍သိ၏၊ (အဓိပ္ပါယန္တောဂတ သဒ္ဒတ္ထ) ဟု ပေးလေ။

၁၁။ ခေါ-တိ ပဒပူရဏမတ္တေ-အဝဓာရဏတ္ထေ ဝါ နိပါ-တောဉ်—

အာဘော်သံဝဏ္ဏနာကား- နိပါတောဖြင့် ခေါ-သဒ္ဒါသည် ပုဒ်ကြီးလေးပုဒ်တို့တွင် နိပါတ်ပုဒ်၏အဖြစ်ကို သိစေသည်။

ပဒပူရဏဖြင့် ယင်း ခေါ-နိပါတ်သည် ပဒါလင်္ကာရ-ပဒ-ပူရဏ၏အဖြစ်ကို သိစေသည်။

မတ္တေဖြင့် မိမိဟောစရာ အနက်ထူးသာမရှိ။ မိမိနှင့် တွဲ ဘက်ဖြစ်သော အသောသိ သဒ္ဒါ၏ အနက်ကိုကား—ဟော သေး၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ ဝါ-ဖြင့်။ နယန္တရ-ဇောတက၏ အဖြစ်ကို သိစေသည်။ အဝဓာရဏတ္ထေ-ဖြင့် ခေါ-နိပါတ်၏ အဝဓာရဏတ္ထ၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—ပဒ အတ္ထ ပဒတ္ထသုံးပါးတွင် ပုဒ်အနက် ၂-ပါးစုံကို ဖွင့်ပြသောကြောင့် ပဒတ္ထ၊ ပဒတ္ထ ကိုးပါးတွင် လိင်္ဂ ပဒတ္ထ၊ လိင်္ဂပဒတ္ထ ငါးပါးဘွင့် နိပါတလိင်္ဂပဒတ္ထ အဓိပ္ပါယ်ကို လည်း ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာတည်း။

မှတ်ချက်။ ။သဗ္ဗာသဝ-စုဒ်စောဒနာ သုတ်ဌီကာတို့ကိုမှီ၍ ပဒတ္ထ ဟု သံဝဏ္ဏနာ ညွှန်းလိုက်သည်။ ။သံဝဏ္ဏနာစစ် ဆရာကား နိပါတလိင်္ဂတ္ထအရာ၌ ဤပြယုဂ်ထုတ်၏။

ခေါ်-နိပါတ်ကို နည်း ၂-ပါးဖွင့်ရာ၌ အဋ္ဌကထာဆရာ၏ အလိုကား သဗ္ဗမ္မိ ဝါကျ အန္တောဂဓတာဝဓာရဏံ၊ အညတ္ထာ-ပေါဟနဝသေန သဒ္ဒါ အတ္ထံ ဝဒတိ-ဟု ပရိဘာသာ ရှိရကား· အဝဓာရဏ အတ္ထင်းငုပ် - အညတ္ထာပေါဟန နည်းယူသော် ခေါ်-သဒ္ဒါအနက်ထူး ဟောရန် မရှိရကား ပဒပူရဏ-မတ္တတ်ဟု ဖွင့်ပြသည်။ ယင်းသို့ အဝဓာရဏ အတ္ထင်းငုပ်သော်လည်း အနေကတ္ထတ္တာ နိပါတာနံဟူသော ပရိဘာသာအရ ခေါ်-သဒ္ဒါသည် လိုအပ်သောအနက်မှ ပိုင်းခြားခြင်း အနက်ရှိ၏-ဟု နိဿတ္ထ အားဖြင့် အဝဓာရဏတ္ထကို ပြလိုရကား အဝဓာရဏတ္ထေ ဝါ- ဟု ဖွင့်ပြန်သည်။

နိပါတ်ပုဒ်ကို ၂-နည်း ဖွင့်ရာတို်င်းဘို့၌ ဤနည်းအတူ ချည်းမှတ်ရမည်။ ။

၁၁။ (က) ဝေရဉ္ဇာယံ ဇာတော။

(ခ) ဝေရဉ္ဇာယံ ဘဝေါ။

(ဂ) ဝေရဉ္ဇာ ဝါ အဿ နိဝါသော ဝေရဉ္ဇော၌·

အာဘော်သံဝဏ္ဏနာကား - (က) ဖြင့် ဏ, ပစ္စည်းသည် ဇာတအနက်၌သက်သည်၏ အဖြစ်၊ (ခ) ဖြင့် ဏ,ပစ္စည်းသည် ဘဝအနက်၌ သက်သည်၏အဖြစ်၊ (ဂ)ဖြင့် ဏ, ပစ္စည်း သည် နိဝါသအနက်၌ သက်သည်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာအားလုံးပင် တဒ္ဓိတ်ပစ္စည်း၏အနက်ကို ဖွင့်ပြသော ကြောင့် ပစ္စယတ္ထသံဝဏ္ဏနာချည်းတည်း။

ထိုဖြင့် နစ်စေအပ်သော အနက်ကား - အဿတ္ထိ စသော အနက်တို့ကို နစ်စေသည်။

အဖွင့်အားလျော်စွာ သံဝဏ္ဏေတဗ္ဗအနက်ပေးပုံကား—

ဝေရဥ္ဇော၊ ဝေရဥ္ဇာမြို့၌ မွေးဖွားသော။ ဝါ - ဝေရဥ္ဇာ မြို့၌ ဖြစ်သော။ ဝါ–ဝေရဥ္ဇာမြို့လျှင် နေရာရှိသော ဤသို့ (သဒ္ဒတ္ထ)ပေးလေ။

၁၂။ (က-၁) ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော (က-၂) မန္တေ သဇ္ဈာယတီတိ အတ္ထော။ (ခ) အရိယာ ပန ဗာဟိတ-ပါပတ္တာ ဗြာဟ္မဏာတိ ဝုစ္စန္တိ,၌—

အဘော်သံဝဏ္ဏနာကား - (က–၁)ဖြင့် ဗြာဟ္မဏပုဒ်ကို ကိတန္တ သမာသ် ဝိဂ္ဂဟ ပြုရမည်၏ အဖြစ်ကိုရင်း၊ ဗြဟ္မ သဒ္ဒူပ ပဒ အဏဓာတ်၏ အဖြစ်ကိုရင်း၊ အပစ္စည်း၏ ကတ္တု-ဝါစက, ကတ္တုသာဓန၏ အဖြစ်ကိုရင်း၊ ဝစနဟေတုဇော-တက၏ အဖြစ်ကိုရင်း သိစေသည်။

သံဝဏ္ဏနာကား—ဝိဂ္ဂိဟ်အနက်ကို ပြသောကြောင့် အဘိဓာ-နတ္ထ၊ ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒ၊

ကိတ်ဝန်စွည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ၊ အဓိပ္ပါယ်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာတည်း။

(က. ၂) မဒန္တိဖြင့် ဗြဟ္မ အစရှိသည် ဗြဟ္မဿ ဣသ္ဒါဆည် သော အနက်ဟောမဟုတ်၊ ဗေဒင်, ဟူသော ဝေဒ အနက် ဟောဖို့ အခြေခံကိုဂုဏ်း၊ တနည်း- ဗြဟ္မဘာ - ဝေဒကို ယူ ရမည်၏ အဖြစ်ကိုဂုဏ်း၊ ယင်းဗေဒင်၏ တပုံမက များသည်၏ အဖြစ်ဟူသော အဓိပ္ပါယ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား—ဗြဟ္မ ဟူသောနာမ်ပုဒ်၏ အနက်ကို ဖွင့်သော ကြောင့် နာမလိင်္ဂတ္ထ။ ဝါ၊ဗြဟ္မသဒ္ဒါ၏အနက်ကို ဖွင့်သောကြောင့် အာဘိဓေယျတ္ထ။ တနည်း—ဗြဟ္မ, ၏ အရကို ဖွင့်သောကြောင့် အာဘိဓေယျတ္ထ၊ အဓိပ္ပါယ်ကိုဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ တည်း။

သဗ္ဗညုတဉာဏဿ အဇာနဒေါတ်၏ ဂတိအနက်ဟောမဟုတ်၊ သဒ္ဒ အနက်ဟော၏ အဖြစ်ကို သိစေသည်။

အားချောတ် ဓာတ်၏ အနက်ကို ဖွင့်သောကြောင့် ဓာတ္ထတ္ထ သံဝဏ္ဏနာတည်း။

သံဝဏ္ဏေတဗ္ဗ-အတ္ထယောဇနာ ပြုပုံကား—

ဗြာဟ္မဏော၊ ဗေဒင်ကျမ်းကို သရဇ္ဈာယ်တတ်, သင်တတ် သောသူ(သဒ္ဒတ္ထ)။ဝါ-ပုဏ္ဏားဂေါဟာရတ္ထ၊ ဗဟုတ္ထ။)

ဗြာဟ္မဏောဒ္ဒ် ဗြဟ္မပုဒ် ဝိဂ္ဂဟပြုပုံကား - ဗြဟိယတိတိ ဗြဟ္မံ၊ ဗြၟဟိယတိ ဂုတ္တံ ဘာသိယတိတိ ဗြဟ္မံ။ကမ္မသာဓန၊ ဗြဟဓာတ်, ဗြၟဟဓာတ်· အရကား ဗေဒင်ရ၏။

မှတ်ချက်။ ။ယခုပြပြီးသော ဗြာဟ္မဏ၏ဝိဂြိုဟ်ကား-ဇာတိဗြာဟ္မဏ ဖြစ်ကုန်သော သူတို့အတွက် ပြုသော ဝိဂြိုဟ်တည်း။ ယင်း ဗြာဟ္မဏပုဒ်၌ ဗြဟ္မကား နပုလ္လိင်၊ ဗြာဟ္မဏကား ပုလ္လိင်ဟု ခဲ့၍မှတ်။

(၁)ဖြင့် ဗြာဟ္မဏ၌ ဗာဓကတ်။ ။**တနည်း**-ဗဟာဓတ်၏ အဖြစ်ကိုဂုဏ်း၊ ယုပစ္စည်း၏ ကတ္တုဝါစက, ကတ္တုသာဓန၏ အဖြစ်ကိုဂုဏ်း၊ ဗာဓကတ်၏ကံကို ပါပါနိ, ဟု ထည့်ရမည်၏ အဖြစ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား—ဒုတိယဓာတုပဒ၊ ဒုတိယပစ္စယဘာဝ, ဘာဝတ္ထ သံဝဏ္ဏနာတည်း။

ထိုအဖွင့်အားလျော်စွာ ဝိဂ္ဂဟ ပြုပုံကား — 'ပါပါနိ ဗာဓယိ သူတိ ဗြာဟ္မဏော" ကတ္တုသာဓနအရကား-အရိယာ ဖြစ်သော ဝိသုဒ္ဓိ ဗြာဟ္မဏရု၏။

အနက်ပေးပုံကား— ဗြာဟ္မဏော၊ မကောင်းမှု တို့ကို ညှဉ်းဆဲဘက်သောသူ (သဒ္ဒတ္ထ)။ ဝါ-မကောင်းမှုတို့ကို အပ ပြုအပ်ပြီးသောသူ။ ဝါ- အပပြုအပ်ပြီးသော မကောင်းမှု ရှိသူ(အဓိပ္ပါယတ္ထ)။

မှတ်ချက်။ ။ဤကား ဗဟုဗ္ဗီဟိ အာသတ္တိဖွင့်၍ရှိ၊ မှတ်ဘိကဘွဲ့သာ၏။ သံဝဏ္ဏတာဗု၊ ကိတ်ပဒ၊ ဗဟုဗ္ဗီဟိနှင့်ဖွင့်၍ပြ၊ ကတ္တုသာ ဓနကြံစရာ—ဟူသော နိယံတို့နှင့်အညီတည်း။

အပရေဆရာတို့ကား—ဗြာဟ္မဏကို သမာသ်ပုဒ်ကြဲကြ၏။ ထို ဆရာတို့၏ အလိုအားဖြင့်ကား (၁)ဖြင့် အဏသဒ္ဒါ၏

ပါပအနက်ဟော၏ အဖြစ်ကိုဂုဏ်း၊ ဗာဓိယိတ္ထာတိ ဗာဟိတံ၊ ကမ္မသာဓန၊ နိရယံ အဏယတိ ပါပေတိတိ အဏံ၊ ဟေတု-ကတ္တာ သာဓနပြု၍ ပါပကို ကောက်ယူရမည်၏ အဖြစ်ကိုဂုဏ်း၊ ဗာဟိတာနိ အဏာနိ ဣမေဟိတိ ဗြာဟ္မဏာဟု တတိယာ ဗဟုဗ္ဗိဟိ ပြုရမည်၏ အဖြစ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား သမာသလိင်္ဂပဒတ္ထ, အဘိဓေယျတ္ထတည်း။

ဤအလို ဗြာဟ္မဏအနက်ပေးပုံကား—ဗြာဟ္မဏော၊ညွှဉ်း ဆဲအပ်ပြီးသော မကောင်းမှု ရှိသောသူ (သဒ္ဒတ္ထ)။ ဝါ-မဂ်ဖြင့် ပယ်အပ်ပြီးသော မကောင်းမှု ရှိသောသူ (အဓိပ္ပါ-ယတ္ထ)။

မှတ်ချက်။ ။ဤ၌ ဣန္ဒြိယာနိ ဇိတတ္တာ ဇိတိန္ဒြိယော ဟူသောပါဠိနှင့် အညီ၊ တတိယာဗဟုဗ္ဗိဟိဟု အာဘော်ပြုလိုက်သည်။ အခ့ါဆရာတို့ကား ဗာဟိတော အဏော အဿသာတိ ဗြာဟ္မဏော,ဟု စတုတ္ထီ ဗဟုဗ္ဗိဟိ အာဘော်ပြုလုပ်ကြ၏။ အထက်ပါဠိနှင့်ကား မညီဟု မှတ်။

၁၃။ (က) သမိတပါပတ္တာ သမဏောတိ ဝုစ္စတိ၊(ခ)တေ-နသ္မာ ယထာဘုစ္စေ ဂုဏာဓိဂတမေတံ နာမံ ယဒိဒံ သမဏောတိ ဧဒ္ဒ—

အာဘော်သံဝဏ္ဏနာကား—(က) ဖြင့် သမဏောကား သံပုဗ္ဗ, အဏခေတ်မဟုတ်၊ သမုဓာတ်၏ အဖြစ်ကိုဂုဏ်း၊ ယု-ပစ္စည်း၏ ကတ္တားဟော၏ အဖြစ်ကိုဂုဏ်း၊ သမုဓာတ်၏ ကံကို ပါဓေ-ဟု ထည့်ရမည်၏ အဖြစ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား—ကိတ်ဓာတ်, ကိတ် ပစ္စည်း၏ အနက် အဓိပ္ပါယ်တို့ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတုပဒ-ဒုတိယ ပစ္စယတ္ထ ဘာဝတ္ထသံဝဏ္ဏနာတည်း။

ထိုအားလျော်သော ဝိဂ္ဂဟကား–ပါပေ သမေတီတိ သမ-ဏော(ဟေတုကတ္တုသာဓန)၊ ဌာနအား လျော်စွာ အရ ကား–ဘုရား၏။ သာမညကောက်မူ- အရိယာဖြစ်သော ရဟန်း၏။ သီလဝန္တ ပုထုဇန်ရဟန်းလည်း ၏။

ထိုအားလျော်စွာ အနက် ပေးပုံကား— သမဏော၊ မကောင်းမှုကို ငြိမ်းစေတတ်သော သူ (သဒ္ဒတ္ထ)။ ဝါ–မဂ်ဖြင့် ပယ်အပ်ပြီးသော မကောင်းမှု ရှိသောသူ။ ဝါ–မဂ်ဖြင့် မ ကောင်းမှုကို ပယ်ပြီးသော သူ (အဓိပ္ပါယတ္ထ)။ ဝါ–ရဟန်း၊ (ဝေါဟာရတ္ထ)။

မှတ်ချက်။ ။အပရေဆရာတို့ကား ယင်းပုဒ်ကို သမာသ်ကြဲကြ၏။ ထိုဆရာတို့ အလို သမိတံ ပါပံ ယေနာတိ သမဏော ဟု တတိယာဗဟုဗ္ဗီဟိပြုရမည်။ အချို့ဆရာတို့ကား သမိတော အဏော အဿာတိ သမဏော ဟု ဗဟု-ဗ္ဗီဟိ ပြုကြ၏။ အထက်ပါပါဠိနှင့်ကား မညီ။

(၁) ဖြင့် သမဏပုဒ်၏ ရင်္ဂဋီနာမ်မဟုတ်၊ အနွတ္ထနာမ်၏ အဖြစ်ကိုဂုဏ်း၊ မြတ်စွာဘုရား၏ သမဏ အမည်တော်ကို အနွတ္ထအားဖြင့် သာ ရအပ်သော အမည်တော် ဖြစ်၏ ဟူသော အဓိပ္ပါယ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား နာမလိင်္ဂပဒ, ဘာဝတ္ထ, တည်း။

၁၄။ ခလုတိ အနုဿဝနတ္ထေ နိပါတော ဒွိ—

အာဘေဒ် သံဝဏ္ဏနာကား — နိပါတောဖြင့် ခလုပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကိုဝင်း၊ အနုဿဝနတ္ထေဖြင့် ထိုနိပါတ်၏ ပဋိသေဓ အဝဓာရဏစသော အနက်ကိုမဟော၊ အဆင့် ကြားခြင်းဟူသော အနုဿဝနအနက်ဟော၏ အဖြစ်ကိုဝင်း သိစေသည်။

သံဝဏ္ဏနာကား နိပါတ်ပုဒ် နိပါတ်အနက် နှစ်ပါးစုံကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒတ္ထတည်း။ ။သမ္မန္ဓဆက္ကတွင် ပဒနှင့် ပဒတ္ထ သံဝဏ္ဏနာတည်း။

၁၅။ ဘော်ဘတိ ဗြာဟ္မဏဇာတိကာနံ ဇာတိသမုဒါဂတံ အာလပနမတ္တံ,ဒွိ—

အာဘေဒ်သံဝဏ္ဏနာကား- ဗြာဟ္မဏ (လ) မတ္တံ,ဖြင့် ဘော သဒ္ဒါ၏ ခေါ်ဝေါ်ခြင်း အာလပ်အနက်ဟော- အာလုပ်ပုဒ်၏ အဖြစ်ကိုဝင်း၊ ထိုခေါ်ဝေါ်ခြင်း အာလုပ်၏ ပုဏ္ဏားဇာတ်ဖြစ်ကုန်သောသူတို့၏ ဇာတ်အားဖြင့် ပြီးသော ချစ်ဘွယ်သော ခေါ်ဝေါ်ခြင်း၏ အဖြစ်ကိုဝင်း၊ ထိုပုဏ္ဏားတို့၏ ချစ်ဘွယ်သော ခေါ်ဝေါ်ခြင်း အနက်မှ တပါး၊ အနက်ထူး ဟောစရာမရှိ- ဟူသော အဓိပ္ပါယ်ကိုဝင်း သိစေသည်။

သံဝဏ္ဏနာကား—နာမလိင်္ဂဒ—ဘာဝတ္ထသံဝဏ္ဏနာတည်း။

ထို၏ ဗျတိရေက ပိဿတ္ထအဓိပ္ပါယ်ကား-ပုဏ္ဏားမှ တပါး သောသူတို့အား ကား- ဤဘောသဒ္ဒါသည် ပိယသမုဒါလပန

မဟုတ်၊ ဂရုဂါရဝ ပြုသင့်သော သူတို့အား အလေးပြု၍ ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်၏ ဟူလို။

၁၆။ ဂေါတမောတဲ့ ဘဂဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ, ဠ်—

အာဘော် သံဝဏ္ဏနာကား ဘဂဝန္တံဖြင့် ဂေါတမ သဒ္ဒါ၏ သုဒ္ဓါဒန, အရှင်အာနန္ဒာ စသည်တို့ကိုလည်း ဟောရကား ဤဠ် မြတ်စွာဘုရားကို ယူရမည် ဟူသော အနက်ကိုဝင်း တဝါကျလုံးဖြင့် မြတ်စွာဘုရား၏ ဂေါတမ ဟူသော အမည်တော်ကား ဂေါတမ အနွယ်တော်၏ အစွမ်းဖြင့် ဖြစ်၏ ဟူသော အဓိပ္ပါယ်ကိုဝင်း သိစေသည်။

သံဝဏ္ဏနာကား အဘိဓေယျတ္ထ,ဘာဝတ္ထတည်း။

ဝိဂ္ဂဟကား—ဂုံ တာယတီဘိ ဂေါတ္တံ။ ကတ္တုသာဓန, အရကား—အနွယ်အဆက်ရ၏။ ဂေါတမဿ အပစ္စံ ဂေါတမော၊ အပစ္စတဒ္ဓိတ် ဝိဂ္ဂဟ၊ ဌာနာနုရူပ အရကား မြတ်စွာဘုရား ရ၏။

အနုက်ကား—ဂေါတမော၊ ဂေါတမ၏ အနွယ်အဆက်ဖြစ်တော်မူသော,ဟု ပေးလေ။

၁၇။ သက္ကပုတ္တောတိ ဣဒံ ပန ဘဂဝတော ဥစ္စာကုလပရိဒီပနံ,ဠ်—

အာဘော်သံဝဏ္ဏနာကား – ဘဂဝတောဖြင့် 'သက္ကဿ သုဒ္ဓေါဒနမဟာရာဇဿ ပုတ္တော သက္ကပုတ္တော'-ဟု ဝစနတ္ထ ပြု၍ ဘုရားကို ကောက်ရမည်၏ အဖြစ်ကိုဂုဏ်း၊ တဝါကျ လုံးဖြင့် ထိုအခါက သာကီဝင်မျိုးတို့သည် အသမ္ဘိန္နခတ္တိယ ဖြစ်၍ မြင့်မြတ်သောအမျိုးဖြစ်ရကား–ဘုရားရှင်သည် အမျိုး အားဖြင့် မြင့်မြတ်သော အမျိုးဌ ဖြစ်၏ဟူသော အဓိပ္ပါယ် ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား-အာဘိဓေယျတ္ထ, ဘာဝတ္ထတည်း။ နိတတ္ထ, နေယျတ္ထ နှစ်ပါးတို့တွင် မြင့်မြတ်သော အမျိုး၏ အဖြစ် ဟူသော ဒီပနတ္ထကို ဆောင်၍ သိအပ်သော အနက်ကို ဖွင့်ပြသောကြောင့် နေယျတ္ထ သံဝဏ္ဏနာတည်း။

သံဝဏ္ဏေတဗ္ဗအနက်ပေးပုံကား – သက္ကပုတ္တော၊ သာကီဝင် သုဒ္ဓေါဒနမင်းကြီး၏ သားဖြစ်တော်မူသော-ဟု ပေးရမည်။

၁၈။ သက္ကကုလာ ပဗ္ဗဇိတော တိ သဒ္ဒါပဗ္ဗဇိတဘာဝ-ပရိဒီပနံဌ –

အာဘော် သံဝဏ္ဏနာကား–တဝါကျလုံးဖြင့် အမျိုးတို့၏ ပျက်စီး ဆုတ်ယုတ်ခြင်း မရှိဘဲ အိမ်မှ ထွက်၍ ရဟန်း ပြုခြင်းသည် လွန်မင်းစွာ သဒ္ဓါတရား ထက်သန်မှသာ ပြုနိုင် ရကား ဘုရာ်ရှင်၏ သဒ္ဓါ၍ ရဟန်းပြုသည်၏ အဖြစ်ဟူသော အဓိပ္ပါယ်ကို သိစေသည်။

သံဝဏ္ဏနာကား—ဘာဝတ္ထတည်း၊ ဆောင်၍ သိအပ်သော ဒီပနတ္ထကို ဖွင့်ပြသောကြောင့် နေယျတ္ထ သံဝဏ္ဏနာတည်း။

၁၉။ (က) တံ ခေါ ပနာတိ ဣတ္ထံဘူတာချာနတ္ထေ ဥပ-ယောဂဝစနံ။ (ခ) တဿ ခေါ ပန ဘောတော ဂေါတ-မဿာတိ အတ္ထော-၌—

အာဘော်သံဝဏ္ဏနာကား—(က)ဖြင့် တံ ခေါ ပန ဘဝန္တံ ဂေါတမံ၌ ဒုတိယာဝိဘတ်၏အဖြစ်—ယင်း ဒုတိယာဝိဘတ်၏ ဣတ္ထံဘူတာချာနတ္ထကို အပဓာနအားဖြင့် ထွန်းပြတတ်သော အဘိသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့် ဣတ္ထံဘူတာချာန အနက်၌ သက်သည်၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—ဝိဘတ္တိပဒ-ဝိဘတျတ္ထတည်း။ သမ္ဗန္ဓဆက္ကတွင် ပဒနှင့် ပဒတ္ထ သံဝဏ္ဏနာတည်း။

(ခ) ဖြင့် ထိုသို့ ဒုတိယာ ဝိဘတ်သည် ဣတ္ထံဘူတာ-ချာနတ္ထ-၌ သက်သော်လည်း ပဓာန မုချသဘာဝအား ဖြင့် တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ ထိုအရှင်ဂေါတမ၏ဟု သာမိ အနက် ယောဇနာရမည်ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (သံဝဏ္ဏနာကား ဘာဝတ္ထတည်း။)

မှတ်ချက်။ ။တံ ခေါ ပနာတိ, ၌ ကေသိသ်ပြုထားသော ဣတိသဒ္ဒါ သုံးခုရှိ၏၊ ထိုတွင် ပဌမ ဣတိသဒ္ဒါကား ပဒတ္ထဝိပ္ပလ္လာ-သတ္ထ၊ ဒုတိယဣတိကား နိဒဿနတ္ထ၊ တတိယ ဣတိ-ကား အာဒျတ္ထတည်း။ ။ထို အာဒျတ္ထသဒ္ဒါဖြင့် ဘဝန္တံ ဂေါတမံပုဒ်ကို ယူရမည်ဟုမှတ်။

ထို တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိ-သဒ္ဒေါ အဗ္ဘုဂ္ဂတောပါဌ်၌—

ဣတ္ထံဘူတ စသည် ခဲ့ပုံကား- အဇ္ဈုဂ္ဂတောဝယ် ဥဂ္ဂတောကား ဣတ္ထံ၊ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒါကား ဘူတ၊ ထိုနှစ်ပါးစုံကား ဣတ္ထံဘူတ၊ တံ ခေါ ပန ဘဝန္တံ ဂေါတမံကား ဣတ္ထံဘူတာချာနတ္ထ၊ အဘိကား ဣတ္ထံဘူတာချာနတ္ထော-ဇောတကတည်း။

ထိုပါဠိတို့၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား—ဘဝန္တံ ဂေါတမံနှင့် ကိတ္တိသဒ္ဒတို့သည် သာမိသံ ဖြစ်ရကား- ထို၌ ဒုတိယာဝိဘတ်သည် သာမိအနက်ဖြစ်သင့်၏။ ထိုသို့ သဲာမိအနက်ဖြစ်သင့်သော်လည်း ဣတ္ထံဘူတာချာနတ္ထ ဇောတက ကမ္မပ္ပဝစနီယအမည်ရသော အဘိသဒ္ဒါနှင့် ယှဉ်သောကြောင့် ဣတ္ထံဘူတာချာနတ္ထ၌ သက်၏ဟူလို၊ ထိုသို့ပင် ယင်းအနက်၌ သက်သော်လည်း ပဓာနမုချ သဘောအားဖြင့် သာမိအနက်သာ သမ္မံန်ရမည် ဟူလို။

၂၀။ (က) ကလျာဏောတိ ကလျာဏဂုဏသမန္နာဂတောဝ။

(ခ) သေဋ္ဌောတိ ဝုတ္တံ ဟောတိ-၌—

အာဘော်သံဝဏ္ဏနာကား —(က) ဖြင့် ကလျာဏသဒ္ဒါ၏ ဂုဏနာမ်၏ အဖြစ်ကိုဂုဏ်း၊ ယင်းပုဒ်၏ ဘဒ္ဒကအနက်ဟော၏ အဖြစ်ကိုဂုဏ်း၊ ကိတ္တိသဒ္ဒ၏ ကလျဝဏအဖြစ်ကား-ကလျာဏ ဂုဏ်လျှင် အရာရှိသည်၏အဖြစ်ကြောင့် ထိုကလျာဏဂုဏ်ကို မှီ၏ဟူသော အဓိပ္ပါယ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား—နာမလိင်္ဂပဒ,နာမလိင်္ဂတ္ထ နှစ်ပါးစုံရသော ကြောင့် နာမလိင်္ဂပဒတ္ထ, ဘာဝတ္ထသံဝဏ္ဏနာတည်း။

(၃) ဖြင့် ကလျာဏကား - သေဋ္ဌ၏ ပရိယာယ်၏အဖြစ် ကိုဂုဏ်း၊ ကိတ္တိသဒ္ဒ၏ သေဋ္ဌ အဖြစ်ကား - သေဋ္ဌ ဂုဏ်လျှင် အရာရှိသည်၏ အဖြစ်ကြောင့် ထိုသေဋ္ဌဂုဏ်ကို မှီ၏ဟူသော အဓိပ္ပါယ်ကိုဂုဏ်း သိစေသည်။

သံဝဏ္ဏနာကား—ပရိယာယ် အနက်ကို ဖွင့်ပြသောကြောင့် အာဘိဓေယျတ္ထ, ဘာဝတ္ထဘည်း။

သံဝဏ္ဏေတပ္ပ အနက်ပေးပုံကား— ကလျာဏော၊ကောင်း သော (သဒ္ဒတ္ထ)။ ဝါ-ကောင်းသော ဂုဏ်နှင့် ပြည့်စုံသော (အဓိပ္ပါယတ္ထ)။ ဝါ- ကောင်းသော ဂုဏ်လျှင် အရာရှိသော ကြောင့် ကောင်းသောဂုဏ်နှင့် ပြည့်စုံသော (အဓိပ္ပါယန္တော-ဂတ-အဓိပ္ပါယတ္ထ)။

မှတ်ချက်။ ။ဤကား—သာရတ္ထဋီကာ, သုတ်ဋီကာတည်း။ ။ ဤအလို သံဝဏ္ဏေတပ္ပ ပုဒ်ကေကို အစချီသော သံဝဏ္ဏနာနိယံကား—ယေဘုယျဟု မှတ်။ ။သမန္နာဂတောကား သံ အနု အာပုဗ္ဗ ဂမုဓာတ်-တပစ္စည်း ဥကိုချေမူ သမနုဂတော, ဥကို ဝပြုမူ သမန္နာဂတော,သာ အသင့်မှတ်။

နိယံ အရ အာဘော် တနည်းကား (က) ဖြင့် "ကလျာဏော အာသ အတ္ထိတိ ကလျာဏော"ဟု ဝိဂ္ဂဟပြု၍ ကပစ္စည်း, အာသတ္ထိ အနက်၌ သက်သည်၏ အဖြစ်ကို သိစေသည်။ (သံဝဏ္ဏနာကား-ပစ္စယတ္ထတည်း။)

(ခ) ဖြင့် ကလျာဏ သဒ္ဒါသည် ကလိတဗ္ဗ သဒ္ဒါ တဗ္ဗ-တ္ထဒ္ဒလည်း ဖြစ်ရကား- ဤဒ္ဒ သေဋ္ဌဟောဏ် အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား— အဘိဓေယျတ္ထတည်း။ ဤကား— ဆင်တဲဂဏ္ဌိ။

ဤအလို ကလျာဏ ဝိဂ္ဂဟ ပြုပုံကား— "ကလျံ ဘဒ္ဒကဘာဝံ အဏတိ ဂစ္ဆတီတိ ကလျာဏော" ကတ္တုသာဓန၊ အရကား-ကိတ္တိသဒ္ဒ ဟူသော ကျော်စောသံ ရဏ်။

၂၁။ (က) ကိတ္တိသဒ္ဒေါ ကိတ္တိ ဝေ။

(ခ) ထုတိသောသော ဝါ ဒ္ဒ—

အာဘော် သံဝဏ္ဏနာကား —(က) ဖြင့် ကိတ္တိအရ-သဒ္ဒ အရ- အရဟံ- စသော ကျေးဇူးဂုဏ်ပင် ဖြစ်ရကား သဒ္ဒသည် ကိတ္တိ၏ ပရိယာယ်သာ ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။

သံဝဏ္ဏနာကား—အဘိဓေယျတ္ထ။ တနည်း ဘာဝတ္ထတည်း။

ဤအလို ကိတ္တိနှင့်-သဒ္ဒ ဝစနတ္ထကား— "ကိတ္တိယတီတိ ကိတ္တိ ကမ္မသာဓန။ သဒ္ဒီယတီတိ သဒ္ဒေါ" ကမ္မသာဓန။ အရကား—အရဟံ-စသော ကျေးဇူးဂုဏ်ရဏ်၊

(ဤကား—ဒ္ဒီကာသာရတ္ထတည်း။)

တနည်း အာဘော်ကား-(က) ဖြင့် ယင်းသဒ္ဒကား အသံ ဖြစ်ခါမျှ မဟုတ်ဟု ပြခြင်းငှါ ကိုတို့သဒ္ဒါဖြင့် ဒေတူးပြု၏ ဟူသော အဓိပ္ပါယ်ကိုဆိုင်း၊ "ကိုတို့ဘူတော သဒ္ဒါကိုတို့-သဒ္ဒါ ဟု သမ္ဘာဝနာဂ မူဝေဂဉ်း ပြုရန်ငြင်း ဒေဖြင်ကိုဆင်း သိစေသည်။

သံဝဏ္ဏနာကား—ဘာဝတ္ထ၊ သမာသလိင်္ဂတည်း။ ဤကား ဝိမတိဋီကာ။

တနည်း အာဘော်ကား-ကိုတို့နှင့်သဒ္ဒကို "ကိုတို့ ဧဝ သဒ္ဒါ ကိုတို့သဒ္ဒါ"ဟု တဗ္ဘာဝဝုတ္တိကမ္မဓာရဉ်း ပြုရမည်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား သမာသလိင်္ဂတ္ထာဉ်း၊ ဤကားနိသျနှင့် ဂဟိ အလိုတည်း။

အဖွင့်အဘားလျော်စွာ အနက် ပေးပုံကား- ကိုတို့သဒ္ဒါ ချီးမွမ်းအပ်-ပြောဆိုအပ်သော ဂုဏ်ကျေးဇူးသည်။ ဝါ-ချီးမွမ်း အပ်သည်ဖြစ်၍ဖြစ်သော အသံသည်။ ဧနှနည်း (ဘာဂတ္ထ) နောက်နည်း (ဝိမတိ) အလိုတည်း။

(၃) ဖြင့် "ကိုတို့နံ အဘိတ္ထဝနံ ကိုတို့" ဟု ဘာဝသာဓ်ပြု၍ ထုတိကို အရကောက်ရမည်၏ အဖြစ်ကိုဆင်း၊ ကိုတို့သည် ထုတိ၏ ပရိယာယ်၏ အဖြစ်ကိုဆင်း၊ "ကိုတို့ဝသေန ပဘော်တော သဒ္ဒါ ကဲ့ဘို့သဒ္ဒါ"ဟု တတိယာတပ္ပုရိသ် ပြုရမည်၏အဖြစ်ကိုဆင်း သိစေသည်။

သံဝဏ္ဏနာကား— အဘိဓေယျတ္ထ၊ သမာသလိဂ်တ္ထတည်း။ ဤကား သာရတ္ထ။

တနည်း အာဘော်ကား—ထုတိဖြင့် ကိတ္တိသဒ္ဒါ၏ ထုတိ အနက်ဟောဇ်အဖြစ်၊ ထုတိဃောသော ဝါ ဖြင့် "ကိတ္တိယာ ပကာသကော သဒ္ဒေါ ကိတ္တိသဒ္ဒေါ"-ဟု တပ္ပုရိသ်သမာသ် ပြုရမည်၏အဖြစ်ကိုဂုင်း သိစေသည်။

သံဝဏ္ဏနာကား- အဘိဓေယျတ္ထ၊ သမာသလိဂ်တ္ထတည်း။ ဤကား ဝိမတိ။

အဖွင့်အားလျော်စွာ အနက်ပေးပုံကား—ကိတ္တိသဒ္ဒေါ၊ ချီးမွမ်းသောအားဖြင့် ဖြစ်သောအသံသည်(သာရတ္ထ)။ ဝါ၊ ချီးမွမ်းခြင်းကို ပြတတ်သောအသံသည် (ဝိမတိ)။

ထုတိ,ဃောသ ဟူသော သံဝဏ္ဏနာပုဒ် ဝိဂ္ဂဟပြုပုံကား—

"ထဝနံ ထုတိ"ဘာဝသာဓန၊ ချီးမွမ်းခြင်း ကြိယာရဏ်။ "ဃုသီယတီတိ ဃောသော" ကမ္မသာဓန အသံရဏ်။

၂၂။ (က) ဣတိပိ သော ဘဂဝါတိအာဒီသု ပန အယံ တာဝ ယောဇနာ သော ဘဂဝါ ဣတိပိ အရဟံ ဣတိပိ သမ္မာသမ္မုဒ္ဓေါ။ (လ) ဣတိပိ ဘဂဝါတိ။

(ခ) ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ ဝုတ္တံ ဟောတိ-၌—

အာဘော်သံဝဏ္ဏနာကား—(က) ဖြင့် ဣတိပိ သော ဘဂဝါစသောပါဌ်၌ ဣတိပိနိပါတ်ကို အရဟံ-စသောပုဒ်တိုင်း

ပုဒ်တိုင်းတို့၌ ယှဉ်စပ်၍ အနက်ယောဇနာရမည် ဟူသော အဓိပ္ပါယ်ကို သိစေသည်။

ဘာဝတ္ထဲ သံဝဏ္ဏနာတည်း။ ပုဒ်အစပ်ကို ဖွင့်ပြသောကြောင့် သမ္မန္ဒ သံဝဏ္ဏနာလည်း ဟူ၏။

ထို(က) ဝါကျဖြင့် နစ်စေအပ်သော အနက်ကား-ဣတိပိ ပုဒ်ကို သော ဘဂဝါပုဒ်နှင့်သာ ယှဉ်၍ အနက် ယောဇနာရမည် ဟူသော အနက်ကို နစ်စေသည်။

(ခ) ဣမိနာဖြင့် ဣတိသဒ္ဒါ၏ အာသန္နဒူရ အနာသန္နနှစ်ပါးတို့တွင် အာသန္နပစ္စက္ခကို ဟောသည်၏ အဖြစ်၊ ထို ဣတိနောင် ဝိဘတ် ခုနစ်သွယ် တို့တွင် - နာဝိဘတ် ကျသည်၏ အဖြစ်ကို သိစေသည်။ (နိပါတလိင်္ဂတ္ထ, ဝိဘတ္တိပဒ သံဝဏ္ဏနာတည်း။)

စ- ဖြင့် အပိသဒ္ဒါ၏ သမ္ဘာဝနာစသော အနက်တို့တွင် ဣတ္ထံ သမ္ပိဏ္ဍန ဇောတက၏ အဖြင့်ကို သိစေသည်။ (နိပါတ-လိင်္ဂတ္ထ သံဝဏ္ဏနာတည်း။)

ကာရဏေနဖြင့် ဣတိသဒ္ဒါ၏ ဟေတု, ပကာရ - စသော အနက်တို့တွင် ဣတ္ထံ ဟေတုအနက်၏ အဖြစ်ကို သိစေသည်။ ၅ နိပါတလိင်္ဂတ္ထသံဝဏ္ဏနာတည်း။ ဣကား ဆင်တဲ့ဂဏ္ဌိ။

ဘုရားကြီးဂဏ္ဌိအလို အာဘော်တနည်းကား-ဣမိနာဖြင့် ဣတိ၏ ဟေတု, နိဒဿန - စသော အနက်တို့ဝင် ဣတ္ထံ နိဒဿနတ္ထ၏ အဖြစ်ကို သိစေသည်။ ။(နိပါတ လိင်္ဂတ္ထ သံဝဏ္ဏနာတည်း။)

နိုဒဿနတ္ထ- ဟူသည်လည်း ဂုဏ်တော်တို့ကို ကြားသော ပုဂ္ဂိုလ်၏ မျက်မှောက်ပြု၍ ပြခြင်းပင်တည်း။ ဝါ-အာသန္ဒ, ပစ္စက္ခကရဏပင်ဟူလို။

ဣမိနာစ- ဣမိနာစ-ဟူသော ဂုဏဝိစ္ဆာသဒ္ဒါဖြင့် အရဟံစသောပုဒ်တို့၏ အသီးအသီး များစွာသော ဂုဏ်တော်အပေါင်းကို စွဲ၍ဖြစ်ခြင်း ရှိသည် အဖြစ် ဟု ဆိုအပ်သော အဓိပ္ပါယ်ကို သိစေသည် (ဝိမတိဋီကာ)။ တနည်း -ယင်းသဒ္ဒါဖြင့် အရဟံ-အစ ဘဂဝါ အဆုံး ကိုးဌာနလုံးတို့၌ ဣတိပိသဒ္ဒါ ပြန့်နှံ့၍ ဖြစ်၏- ဟူသော အဓိပ္ပါယ်ကို သိစေသည်။ ။ဘုရားကြီးဂဏ္ဌိ။ (ဘာဝတ္ထ သံဝဏ္ဏနာတည်း။)

(ခ) တဝါကျလုံးဖြင့် ဣတိပိ သော ဘဂဝါ -စသော ပါဌ်တို့၌ ပိဏ္ဍတ္ထကို ဘုရားရှင်သည် ဤသို့သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ (လ) ဘုရားရှင်သည် ဤသို့သော အကြောင်းကြောင့်လည်း ဘဂဝါ - မည်တော်မူ၏-ဟု ဆိုရမည် ဟူသော အဓိပ္ပါယ်ကို သိစေသည်။ ။ (ဘာဝတ္ထ သံဝဏ္ဏနာတည်း။)

အပိသဒ္ဒါဖြင့် ပေါင်းအပ်သော သမ္ပိဏ္ဍိတဗ္ဗ အနက်ကား များစွာသော ဂုဏ်တော်တို့ကို ပေါင်း၏ ဟူလို။

၂၃။ သမ္မာ သာမဉ္ဇ သဗ္ဗမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာ-သမ္ဗုဒ္ဓေါ-၌—

အာဘော်သံဝဏ္ဏနာကား- သမ္မာ သာမဉ္ဇ ဗုဒ္ဓတ္တာဖြင့် သမ္မာသမ္ဗုဒ္ဓေါ,၌ သမ္မာပုဗ္ဗ သံပုဗ္ဗ ဗုဓ-ဓာတ်၏ အဖြစ်ကို သာမံဖြင့်၊ သံ ဥပသာရ၏ - သုန္ဒရ- စသော အနက်ဟော မဟုတ်၊ သယံ အနက်ဟော၏ အဖြစ်ကို သဗ္ဗမ္မောနံဖြင့် အနက်အားဖြင့် ဖြစ်သင့်သော ဝိသယတ္ထကို သဗ္ဗမ္မေ-ဟု ကံထည့်ရမည်၏ အဖြစ် ကိုရင်း၊ ထို အဝုတ္တ ကံပုဒ်ဖြင့် တပစ္စည်း၏ ကတ္တားဟော၏ အဖြစ်ကိုရင်း သိစေသည်။

သံဝဏ္ဏနာကား- ကိတ်ဓာတ် ဥပသာရပုဒ်၏အနက် အဓိပ္ပါယ် အနက် ကိတ်ပစ္စည်း၏အနက်တို့ကို ဖွင့်ပြသောကြောင့် ဒုတိယ ဓာတုပဒ၊ ဥပသဂ္ဂလိင်္ဂတ္ထ၊ ဘာဝတ္ထ၊ ဒုတိယပစ္စယတ္ထတည်း။

အဖွင့်အားလျော်စွာ ဝိဂ္ဂဟပြုပုံကား— "သမ္မာ သာမဉ္ဇ သဗ္ဗမ္မေ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ" ဟု ကဲတ္ထုသာနေ ပြုလေ။

၂၄။ ဝိဇ္ဇာဟိ ပန စရဏေန စ သမ္ပန္နတ္တာ **ဝိဇ္ဇာစရဏ-သမ္ပန္နောဉ်-**

အာဘော်သံဝဏ္ဏနာကား — စဖြင့် ဝိဇ္ဇာနှင့် စရဏ ပုဒ်ကို ဒွန်သမာသ်တွဲစပ်ရမည်၏ အဖြစ်ကို သိစေသည်။

သမာသလိင်္ဂတ္တ သံဝဏ္ဏနာတည်း။ ဝိဇ္ဇာ စ စရဏဉ္ဇ ဝိဇ္ဇာ-စရဏံ-ဟု တွဲရမည် ဟူလို။

ဝိဇ္ဇာဟိ- ဟူသော ဗဟုဝစနန္တဖြင့် ဝိဇ္ဇာတို့၏ သုံ ပါး တနည်း၊ ရှစ်ပါး တနည်းအားဖြင့် နည်းနှစ်ပါးရှိ၏ ဟူသော အပ္ပေါယ်ကို စရဏေနဟူသော ဧကဝစနန္တဖြင့် စရဏ၏

တဆယ့်ငါးပါး အပြားအားဖြင့် တနည်းသာ ရှိ၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထသံဝဏ္ဏနာဘည်း။)

တဝါကျလုံးဖြင့် "ဝိဇ္ဇာစရဏေန သမ္ပန္နော-ဝိဇ္ဇာစရဏ-သမ္ပန္နော" ဟု တတိယာ တပ္ပုရိသ်၏ အဖြစ်ကိုဂုဏ်း၊ ထို တပ္ပုရိသ်၌ ဒုန်သမာသ် အတွင်းငုပ်၏ ဟူသော အဓိပ္ပါယ်ကိုဂုဏ်း သိစေသည်။ (သမာသလိင်္ဂတ္ထ ဘာဝတ္ထ သံဝဏ္ဏနာတည်း။)

အစိတ်အစိတ် ဝိဂ္ဂဟပြုပုံကား—

"ဝိဒ္ဒိယံ ဝိန္ဒန္တိတိ ဝိဇ္ဇာယော"။ ကတ္တုသာဓန၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးရ၏။

"စရတိ ဂစ္ဆတိ အမတံ ဒိသံ ဧတေဟီတိ စရဏံ" ကရဏ သာဓန၊ သီလအစရှိသော စရဏ- တဆယ့်ငါးပါး ရ၏။

"သမ္မဇ္ဇတိတို့ သမ္မန္နော"။ ကတ္တုသာဓန၊သမ္မာသမ္ပန္န ရ၏။

အဓိပ္ပါယ်ကား—သမ္ပန္နသည် ပရိပုဏ္ဏသမ္ပန္န, သမ္မာ-သမ္ပန္န, မဓုရသမ္ပန္န - ဟု သုံးပါးရှိရကား – ဤ၌ သမ္မာ-သမ္ပန္န-ဟူလို။

၂၂။ (က) သောဘဏဂမနတ္ထာ၊
(ခ) သုန္ဒရံ ဌာနံ ဂတတ္ထာ၊

(ဂ) သမ္မာ ဂတတ္တာ၊
(ဃ) သမ္မာ စ ဂဒတ္တာ သုဂတောဋ္ဌ—

အာဘော် သံဝဏ္ဏနာကား—(က) သောဘဏဖြင့် သု-ဥပသာရ၏ သောဘဏ အနက်ဟောဏ် အဖြစ်ကို ဂမနဖြင့် ဂတဋ္ဌ တ-ပစ္စည်း၏ဘာဝသာဓန၏အဖြစ်ကို တဝါကျလုံးဖြင့် "သောဘဏံ ဂတံ ယဿာတိ သုဂတော" ဟူသော စတုတ္ထီ ဗဟုဗ္ဗီဟိအဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—ဥပသာရပုဒ်၏အနက်, ကိတ်ပစ္စည်း၏အနက် သမာသ်အနက်တို့ကို ဖွင့်သောကြောင့် ဥပသဂ္ဂလိဂ်တ္ထ, ဒုတိယ-ပစ္စယတ္ထ, သမာသလိဂ်တ္ထတည်း။

အစိတ်ဝိဂြိုဟ်ပြုပုံကား—

"ဂမနံ ဂတံ" ဘာဝသာဓန၊အရိယမဂ် တည်းဟူသော သွားခြင်းရ၏။

(ခ)သုန္ဒရံဖြင့် သု-ဥပသာရ၏ သုန္ဒရ အနက်ဟောဏ် အဖြစ်ကို- ဌာနံဖြင့် သုန္ဒရတ္ထ, သု၏ ဝိသေသျာပေက္ခ၏ အဖြစ်ကိုဂင်း၊ ဌာနပုဒ် ကျေ၏ဟူသော အဓိပ္ပါယ်ကိုဂင်း၊ ဌာနံဟူသော ဒုတိယန္တဖြင့် ဂတံဋ္ဌ တပစ္စည်း၏ ကတ္တု-ဝါစက၏ အဖြစ်ကို တဝါကျလုံးဖြင့် သုန္ဒရံ ဌာနံ ဂတော သုဂတော ဟူသော ဒုတိယာ တပ္ပုရိသ် သမာသ်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား- ဥပသဂ္ဂလိဂ်တ္ထ ,ဘာဝတ္ထ,ဒုတိယပစ္စယတ္ထ, သမာသလိဂ်တ္ထတည်း။

အစိတ်ဝိဂြိုဟ်ပြုပုံကား—

"ဂစ္ဆတိတိ ဂတော" ကတ္တုသာဓန၊ ဘုရားရှင် ရဏ်။

(ဂ) ဖြင့် သုဥပသာရဏ် သုဋ္ဌုအနက်ဟောဏ် အဖြစ်ကိုဂင်း၊ သမ္မာ ဂတော သုဂတော။ တနည်း—သမ္မာ အာဂဟော သုဂတော ဟူသော ကမ္မဓာရည်းသမာသ်၏ အဖြစ်ကိုဂင်း သိစေသည်။

ဥပသဂ္ဂလိဂ်တ္ထ, သမာသလိဂ်တ္ထ သံဝဏ္ဏနာဘည်း။

(ဃ) ဖြင့် သုဥပသာရဏ် သုဋ္ဌုအနက်ဟောဏ် အဖြစ်ကိုဂင်း၊ သုဂတောဌ် သုပုဗ္ဗ-ဂဒဏ်အဖြစ်ကိုဂင်း၊ "သမ္မာ သုဋ္ဌု ဂဒတိတိ သုဂဒေါ" ဟု ကတ္တုသာဓန ပြု၍ အပစ္စည်း၏ ကတ္တားဟောဏ် အဖြစ်ကိုဂင်း၊ သုဂဒေါ ဟူသင့်လျက် ဒကို တ-ပြု၍ သုဂတောဟု နိရုတ္တိနည်းဖြင့် ပြီး၏ဟူသော အဓိပ္ပါယ်ကိုဂင်း သိစေသည်။

သံဝဏ္ဏနာကား ဥပသဂ္ဂလိဂ်တ္ထ, ဒုတိယဓာတုပဒ, ဒုတိယပစ္စယတ္ထ, ဘာဝတ္ထတည်း။

တနည်းကား—(ဃ) သမ္မာဖြင့် သု၏ သမ္မာအနက်ဟော၊ (ဤဌ် သမ္မာ-ဟူသည် သုန္ဒရပင်) တဝါဒျလုံးဖြင့် "ဂဒနံ ဂဒေါ" ဟု ဘာဝသာဓနပြု၍ အပစ္စည်း ဘော ဟောဏ် အဖြစ်—"သုန္ဒရံ ဂဒေါ ဝစနံ အဿာတိ သုဂဒေါ" ဟူသော စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်၏ အဖြစ်၊ သုဂဒေါ ဟူသင့်လျက် ဒကို တပြု၍ သုဂတော-ဟု နိရုတ္တိနည်းဖြင့် ပြီး၏ဟူသော အဓိပ္ပါယ်ကိုဂင်း သိစေသည်။

သံဝဏ္ဏနာကား ဥပသဂ္ဂလိင်္ဂ, ဒုတိယပစ္စယတ္ထ, သမာသ-လိင်္ဂ, ဘာဝတ္ထတည်း။ (ဝိမတိဋီကာ။)

အဖွင့် အားလျော်စွာ အနက်ပေးပုံကား သုဂတော၊ ကောင်းစွာ ဆိုတော် မူတတ်သော မြတ်စွာဘုရား။ ဝါ-ကောင်းသော ဆိုခြင်းရှိတော်မူသော မြတ်စွာဘုရား။

၂၆။ သဗ္ဗထာ ဝိဒိတလောကတ္တာ ပန လောကဝိဒူ၌-

အာဘော်သံဝဏ္ဏနာကား-သဗ္ဗထာဖြင့် အကြင် အကြင် အပြားအားဖြင့် သိအပ်၏။ ထိုထိုအပြားအားဖြင့် သိ၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။ ဝိဒိတလောကတ္တာ ဟူသော ဗဟဗ္ဗီဟိဖြင့် လောကဝိဒူ၌ ရူပစ္စည်း၏ ကတ္တု-ဝါစက၏ အဖြစ်ကို သိစေသည်။ (သံဝဏ္ဏနာကား ဘာဝတ္ထ, ဒုတိယ ပစ္စယတ္ထတည်း။)

ဝိဂ္ဂဟပြုပုံကား

"လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ"ဟု ကတ္တု-သာနေပြုလေ။

၂၇။ (က) အတ္တနော ပန ဂုဏေဟိ ဝိသိဋ္ဌတရသ ကဿစိ အဘာဝါ။

(ခ) နတ္ထိ ဧတဿ ဥတ္တရောတိ အနုတ္တရော၊

(ဂ) ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ၊

(ဃ) ဒမ္မေတိ ဝိနေတီတိ ဝုတ္တံ ဟောတိ ၌-

အာဘော် သံဝဏ္ဏနာကား (က) ဖြင့် မိမိထက် လွန်မြတ်သော တစုံတယောက်သောသူ မရှိသောကြောင့် အနုတ္တရမည်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ သံဝဏ္ဏနာတည်း၊)

မှတ်ချက်။ ။ဆို (က) တွင် တရဖြင့် သဒိသ ဝိသိဋ္ဌပုဂ္ဂိုလ် ရှိသောကြောင့် ဆိုသည်မဟုတ်၊ အနုတ္တရော-ဟူသော နိပ္ပန္နပုဒ်၏ အတိသယအနက်ကို ဟော၏-ဟု ပြခြင်းငှါ တရပစ္စည်းကို ဆို၏ ဟူလို။

(ခ) နတ္ထိဖြင့် အနုတ္တရော၌ နနိပါတ်၏ အဘာဝတ္ထ၏ အဖြစ်ကို-ဧတဿဖြင့် ယင်းပုဒ်ကို နတ္ထိ၌ စပ်မူ စတုတ္ထီ ဗဟုဗ္ဗီ-ဟိ အဖြစ်၊ ဥတ္တရော၌ စပ်မူ-ပဉ္စမီဗဟုဗ္ဗီဟိ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား နိပါတလိင်္ဂတ္ထ, သမာသလိင်္ဂတ္ထတည်း။

(ခ) ဖြင့် နစ်စေအပ်သော အနက်ကား-နဥတ္တရော အနုတ္တရော စသော သမာသ်ကို နစ်စေသည်။

ဥတ္တရပုဒ်ကို ဝိဂ္ဂဟပြုပုံကား

"ဥတ္တရတိ အတိက္ကမတီတိ, ဥတ္တရော"၊ ကတ္တုသာဓန၊ လွန်တတ်သောသူ ရ၏။

(ဂ) ပုရိသဒမ္မေ-ဟူသော ဒုတိယန္တဖြင့် သာရထိ-၌ ထိ ပစ္စည်း၏ ကတ္တုဝါစက၏ အဖြစ်ကို တဝါကျလုံးဖြင့် "ပုရိသ-ဒမ္မေ သာရထိ ပုရိသဒမ္မသာရထိ" ဟူသော ဒုတိယာ တပ္ပုရိသ်၏အဖြစ်ကို သိစေသည်။ (သံဝဏ္ဏနာကား ဒုတိယပစ္စ-ယတ္ထ, သမာသလိင်္ဂတ္ထတည်း။)

(ဃ) ဒမ္မေတိ-ဖြင့် သာရေတိ-၌ သရဓာတ်၏ ဒုဗ္ဗလျ-စသော အနက်ဟောမဟုတ်၊ ဒမ္မန အနက်ဟော၏အဖြစ်ကို သိစေသည်။

အာချာတ်ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထ သံဝဏ္ဏနာတည်း။

ဝိနေတီတိ ဝုတ္တံ ဟောတိဖြင့် ဤ၌ ဒမ္မန-ဟူသည် ထိုက်သည် အားလျော်စွာ တဒင်္ဂ ဝိနယ-စသည်၌ တည်စေခြင်း ပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။

တနည်းကား – ဒမ္မ၏ ပညာ, ဥပါယ-စသော အနက်တို့တွင် ဤ၌ ဣန္ဒြိယ သံဝရကို ဟော၏။ ထို ဣန္ဒြိယ သံဝရကား သံဝရဝိနယ, ပဟာနဝိနယ ပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဤကား-ဘုရားကြီး ဂဏ္ဌိ)။ ။ (ဘာဝတ္ထ သံဝဏ္ဏနာတည်း။)

အစိတ်အစိတ်ဝိဂ္ဂဟပြု၍ ပဒတ္ထ အရကောက်ပုံကား—

"ဒမ္မိတဗ္ဗာတိ ဒမ္မာ၊" ကမ္မသာဓန၊

သ-ပဒဝိဂ္ဂဟ အရကား-အချင်းခပ်သိမ်း မဆုံးမရသေးသောသူ, ဆုံးမအပ်သောအဖြစ် မပြီးသေး, ဆုံးမအပ်သောအဖြစ်ကို မလွန်သေးသောသူ ရ၏။ "ပူရေန္တီတိ ပုရိသာ" ကတ္တုသာဓန-အသပဒဝိဂ္ဂဟ, သာမန်အားဖြင့် ယောဂျားတို့ ရ၏။

"ပုရိသာ စ ပုရိသာ စ ပုရိသာ စ ပုရိသာ၊"

ကေသေသ တဒ္ဓိတ်, ဝိဂ္ဂဟ အရကား— တိရစ္ဆာန်ယောကျိုး, လူယောကျိုး, နတ်ယောကျိုးတို့ကို ရ၏။

"ဒမ္မာ စ တေ ပုရိသာ စာတိ ပုရိသဒမ္မာ၊"

ဝိသေသန- ပရပဒ ကမ္မဓာရည်း၊ အရကား- ဆုံးမခြင်းငှါ ထိုက်သော လူယောကျိုး, နတ်ယောကျိုး, တိရစ္ဆာန်ယောကျိုးတို့ ရ၏။ "သာရေတီတိ သာရထိ၊" ကတ္တုသာဓန၊ ဘုရားရှင်ရ၏။

အပေါင်းဝိဂ္ဂဟကား—"ပုရိသဒမ္မေ သာရထိ ပုရိသဒမ္မ-သာရထိ၊" ဒုတိယာ တပ္ပုရိသ် သမာသ်၊ ဘုရားရှင်ရ၏။

မှတ်ချက်။ ။ဤ၌ ပုရိသ,ကား ဥက္ကဋ္ဌနည်း, ပဓာန နည်းအားဖြင့် ဆိုသည်၊ မိန်းမများကိုလည်း ဆုံးမသည်ပင်တည်း။

၂၈။ (က) ဒိဋ္ဌမ္မိက သမ္ပရာယိက ပရမတ္ထေဟိ ယထာ-ရဟံ အနုသာသတီတိ သတ္ထာ။

(ခ) အပိစ သတ္ထာ ဝိယာတိ သတ္ထာ။

(ဂ) ဘဂဝါ သတ္ထဝါဟောဒ္ဌ—

အာဘော် သံဝဏ္ဏနာကား- (က) အနုသာသတိဖြင့် သတ္ထာဒ္ဌ-သာသဓာတ်၏ အဖြစ်ကိုဝှင်း၊ ရတ္ထု ပစ္စည်း၏ ကတ္တုသာဓန၏ အဖြစ်ကိုဝှင်း၊ ဒိဋ္ဌ (လ) ယထာရဟံ- ဖြင့်

မျက်မှောက်, တမလွန်, အရဟာတ္တဖိုလ်, နိဗ္ဗာန်-ဟူသော အာ
စီးပွါးတို့ဖြင့် ထိုဆိုအကျိုးစီးပွါးတို့၌ ထိုက်သော ပုဂ္ဂိုလ်အ
လျော်စွာ ဆုံးမတော်မူ၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

သံဝဏ္ဏနာကား— ဒုတိယခေတုပဒ, ဒုတိယပစ္စယ
ဘာဝတ္ထတည်း။

အနုသာသတိပိဏ္ဍတ္ထအဓိပ္ပါယ်ကား - ထိုထိုပုဂ္ဂိုလ်ကို ထို
အကျိုးစီးပွါး အားလျော်စွာ ထိုထို အကျိုးစီးပွါး၌ တည်စေ
တော်မူ၏ ဟူလို။

ယထာရဟံ-ပုဒ် အစိတ်အပေါင်းဝိဂ္ဂဟပြုပုံကား -

"အရဟာတိတိ အရဟော"၊ ကတ္တုသာဓနု။ အစိတ်ဝိဂ္ဂဟ
"အရဟာသ အနုရူပံ ယထာရဟံ"၊ အဗျယီဘော သမာ
အပေါင်း ဝိဂ္ဂဟတည်း။

(၃) ဖြင့် သတ္ထာပုဒ်၌ ဏ-ပစ္စည်း၏ ဥပမာအနက်
သက်သည်၏အဖြစ်ကို သိစေသည်။

တဒ္ဓိတ် ပစ္စည်း၏ အနက်ကို ဖွင့်သောကြောင့် ပဋိယတ္ထ
သံဝဏ္ဏနာတည်း။

(၄) ဖြင့် သတ္ထာ၏အရကုန်သည်မှုးနှင့် တူတော်မူသော
မြတ်စွာဘုရားကို ကောက်ယူရမည်၏ အဖြစ်ကို သိစေသည်။

အရသရုပ်ကို ဖွင့်သောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာ
တည်း။

သတ္ထာပုဒ်ကို သမာသ်-တဒ္ဓိတ်ငိုဂြိုဟ်ဆို၍ အရကောက်ပုံ ကား—

"အတ္ထေန သဟ ယောဝတ္တတီတိ သတ္ထော"၊ ပဌမာ ဗဟု-ဗ္ဗီဟိသမာသ်၊ အရင်းဥစ္စာဖြင့် ကုန်သွယ်သူ လူအပေါင်းရ၏။

မှတ်ချက်။ ။ဤ၌ အတ္ထကား အရင်းဥစ္စာ ဟော၏။

"သတ္ထော ဧဘဿ အတ္ထီတိ သတ္ထာ"၊ အဿတ္ထိ တဒ္ဓိတ်၊ အရကား- ကုန်သည်မှူး ရ၏။

မှတ်ချက်။ ။ဤ၌ သတ္ထော—ဟု နေသင့်လျက် နိရတ္တိနယဖြင့်ဩကို အာပြု၍ သတ္ထာ ဟု နေသည်။

"သတ္ထာ ပိယာတိ သတ္ထာ" ဥပမာ တဒ္ဓိတ်ဝိဂ္ဂဟ၊ ကုန်သည်မှူးနှင့် တူတော်မူသော မြတ်စွာဘုရား ရ၏။

သတ္ထာ ပိယာတိ သတ္ထာကား—သဒိသူပစာ-ရှင်ဦနည်းတည်း။

တင်ပုံဆိုရိုးကား—ဤ၌ သတ္ထာ သဒ္ဒါသည် အတူဖြစ်သော လှည်းမှူးဒြဗ်၏ သတ္ထာဟူသောအမည်ကို အတူရှိသောဘုရားဒြဗ်၌ တင်စား၍ အတူရှိသော ဘုရားဒြဗ်ကို သတ္ထာ-ဟု ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာ သဒ္ဒါမည်၏။

၂၉။ ယံပနကိဉ္စိ အတ္ထိ ဥေယျံ နာမ၊ သဗ္ဗဿ ဗုဒ္ဓတ္တာ ဝိမောက္ခန္တိက ဉာဏဝသေန ဗုဒ္ဓေါ၌—

အာဘော်သံဝဏ္ဏနာကား–ဗုဒ္ဓတ္တာ-ဖြင့် ဗုဒ္ဓေါ-၌ ဗုဓောတ်၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား ဒုတိယဓာတုပဒ သံဝဏ္ဏနာတည်း။

သဗ္ဗဿ-ဖြင့် အနက်အားဖြင့် ဖြစ်သင့်သော ဝိသယတ္ထကို သဗ္ဗေ-ဟု ကံထည့်ရမည်၏ အဖြစ်၊ ထိုအဝုတ္တ, ကံပုဒ်ဖြင့် တ, ပစ္စည်း ကတ္တားဟော၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား ဘာဝတ္ထ၊ ဒုတိယပစ္စယတ္ထသံဝဏ္ဏနာတည်း။

ယံ ပန (လ) နာမဖြင့် သဗ္ဗ၏အရ ဥေယျဘရားငါးပါးကို ယူရမည်၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား အဘိဓေယျတ္ထ, သံဝဏ္ဏနာတည်း။

ဝိမောက္ခ (လ) ဝသေန- ဖြင့် ဗုဓောတ်၏ ကရဏာပေက္ခဓာတ်၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား ဘာဝတ္ထဘည်း။

ထိုအားလျော်သောဝိဂ္ဂဟကား– "သဗ္ဗေ ဥေယျဓမ္မေ သဗ္ဗညုတာဒိဉာဏဝသေန ဗုဇ္ဈတီတိ ဗုဒ္ဓေါ"ဟု ကတ္တုသာဓန ပြုရမည်။

ဝိမောက္ခန္တိက- ပုဒ်ကို- ဝိဂ္ဂဟပြု၍ အရကောက်ပုံကား– "ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော"။ ကတ္တုသာဓန၊ အရကား- အရဟတ္တမဂ်ရ၏။

"ဝိမောက္ခဿ အန္တော ဝိမောက္ခန္တော-" ဆဋ္ဌီတပုရိသ်သမာသ်၊ အရကား–အရဟတ္တဖိုလ်ရ၏။

"ဝိမောက္ခန္တေ ဘဝံ ဝိမောက္ခန္တိကံ"။ ဘဝတဒ္ဓိတ်။ **အာရကား** သဗ္ဗညုဘဉာဏ်နှင့်တကွ အလုံးစုံသောဘုရား ဉာဏ်တော်တို့ရ၏။

မှတ်ချက်။ ။အောက် သမ္မာသမ္ဗုဒ္ဓ-ကား သစ္စာလေးပါးကို သိသည်။ ဗုဒ္ဓကား ထိုသစ္စာလေးပါးမှ တပါးသော ဥေယျတရားတို့ကို သိသည်။ ဤသို့ အထူးမှတ်။

၃၀။ ဘဂဝါတိ ဣဒံ ပနဿ ဂုဏဝိသိဋ္ဌသတ္ထုတ္တမ ဂရု-ဂါရဝါမိဝစနံ-ဒ္ဒ်—

အာဘော်သံဝဏ္ဏနာကား ဣဒံ (လ) ဝစနံ-ဖြင့် ဘဂဝါ ဟူသော သဒ္ဒါသည် ဂုဏဝိသိဋ္ဌကြောင့် သတ္ထုတ္တမ ဖြစ်တော်မူသော အလေးပြုအပ်သော ဆရာဘုရား၌ အလေးပြုတတ်သူ၏ အဖြစ်ဖြင့် ဖြစ်သော သဒ္ဒါ ပင်တည်း ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (ဤကား-ဘုံရားကြီးဂဏ္ဌိ။)

တနည်းကား-ဘဂဝါ-ဟူသော အမည်သည် တပါးသော လူ, နတ်, ဗြဟ္မာ, သာဝက, ပစ္စေကဗုဒ္ဓါတို့နှင့် ဆက်ဆံသော အမည်မဟုတ်၊ ဂုဏဝိသိဋ္ဌ, သတ္ထုတ္တမ ဖြစ်တော်မူသော မြတ်စွာဘုရားကို လူ နတ်တို့ ခေါ်ဝေါ်သော ဘုရားရှင်၏ အမည်တော်သာ ဖြစ်၏ ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (ဤကားနိသျ။)

သံဝဏ္ဏနာကား—ဘာဝတ္ထတည်း။

တနည်းကား— ဘဂဝါ-ဟူသောပုဒ်၏ နိပ္ပန္နပုဒ်မဟုတ်၊ အနိပ္ပန္နပါဋိပဒိကပုဒ်၏ အဖြစ်ကို သိစေသည်။

နာမလိင်္ဂပဒ သံဝဏ္ဏနာတည်း။

၃၁။ သော ဣမံ လောကန္တိ သော ဘဂဝါ ဣမံ လောကံ၊ ဣဒါနိ ဝတ္တာဗ္ဗံ နိဒဿေတိ-၌—

အာဘေဝ်သံဝဏ္ဏနာကား—သော ဘဂဝါ- ဖြင့် သော ဣမံ- ၌ တ၏ ပဂ္ဂဟီတ် ဝိသယ၏ အဖြစ်၊ ထိုတ-ဖြင့် ဣတိပိ သော ဘဂဝါကို စွဲရမည်၏အဖြစ်ကို သိစေသည်။

သဗ္ဗနာမလိင်္ဂတ္ထ သံဝဏ္ဏနာတည်း။

ထိုအဖွင့်အားလျော်စွာ အနက်ပေးပုံကား

သော ဘဂဝါ၊ ထိုအရဟံ - အစရှိသည်ဖြင့် ချီးမွမ်းအပ် သော ဂုဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။

"ဣဒါနိ ဝတ္တာဗ္ဗံ နိဒဿေတိ" ဖြင့် အထက်၌ သဒေဝကံ - စသည်ဖြင့် ဆိုအပ် လတ္တံ့သော လောကကိုပင် အကြောင်းမဲ့အားဖြင့် ဆင်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။

ဘာဝတ္ထသံဝဏ္ဏနာတည်း။ (ဤကား ဋီကာသာရတ္ထ။)

တနည်းကား—ဣမသဒ္ဒါ၏ ဝုတ္တာပေက္ခ, ဝုစ္စမာနာပေက္ခ နှစ်ပါးတို့တွင် ဝုစ္စမာနာပေက္ခ၏အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား—သဗ္ဗနာမလိင်္ဂတ္ထတည်း။ (ဤကား ဆင်တဲဂဏ္ဌိ။)

၃၂။ (က) သဒေဝကန္တိ သဟ ဒေဝေဟိ သဒေဝကံ။

(ခ) ဝေံ သမာရကံ-၌—

အာဘော် သံဝဏ္ဏနာကား- (က) သဟဖြင့် သဒေ-ဝကံ၌ သ- ၏ သမာန- စသော သဒ္ဒါ၏ ကာရိယ သ- မဟုတ်၊ သဟသဒ္ဒါ၏ ကာရိယ သ- ၏ အဖြစ်ကို သဟ ဒေဝေဟိဖြင့် "ဒေဝေဟိ သဟ ယော ဝတ္တတိတိ သဒေဝကော" - ဟု ပဌမာ ဗဟုဗ္ဗီဟိ၏ အဖြစ်ကို သိစေသည်။

သံဝဏ္ဏနာကား- နိပါတလိင်ပဒ သမာသလိင်တ္ထတည်း။

(ခ) ဖြင့် သမာရကံပုဒ်ကိုလည်း သဒေဝကံ ပုဒ်ကဲ့သို့ ပင် သဟသဒ္ဒါ၏ ကာရိယ သ-၏ အဖြစ်၊ ပဌမာ ဗဟုဗ္ဗီဟိ သမာသ်၏ အဖြစ်ကို သိရမည် - ဟူသော အဓိပ္ပါယ်ကို သိစေသည်။

သံဝဏ္ဏနာကား ဘာဝတ္ထတည်း။

၃၃။ (က) ပဇာတတ္တာ ပဇာ။

(ခ) တံ ပဇံ-၌—

အာဘော်သံဝဏ္ဏနာကား- (က) ဖြင့် ပဇာ-၌ ပပုဗ္ဗ ဇနိ-ဓာတ်၏ အဖြစ်ကိုရင်း၊ ကို- ပစ္စည်း၏ ကံဟော၏ အဖြစ်ကို ရင်း သိစေသည်။

သံဝဏ္ဏနာကား-ဒုတိယဓာတုပဒ ဒုတိယပစ္စယတ္ထတည်း။

အမွှန်အားလျော်စွာ ဝိဂ္ဂဟပြု၍ ဉာဿနည်း အရကောက်ပုံကား—

